# မြော်လင့်ခြင်းရှိသူများ

## (ဆုတောင်းစည်းဝေးရက်သတ္တပတ်ဒေသနာ)

### နိဒါန်း

ချစ်လှစွာသော ယုံကြည်သူ ညီအစ်ကို-မောင်နှမအပေါင်းတို့ . . .

ယခုလို ငါးနှစ်တာကာလ ကုန်ဆုံးလုနီးအချိန်မျိုးမှာ ကမ္ဘာ့အသင်းတော် မှာ ဒီဆုတောင်းစည်းဝေးဒေသနာတော်ဖတ်ကြား၊ ဟောကြားခြင်း၊ မင်္ဂလာရှိသော မြော်လင့်ခြင်းအကြောင်းဆင်ခြင်စဉ်းစားစေခြင်း၊ ဆုတောင်းပဌာပြုကြရန် နှိုးဆော်ခွင့်ရရှိတာကြောင့်ကျေးဇူးတင်ပါတယ်။ ဒီထူးခြားတဲ့ မင်္ဂလာအပေါင်းကို တပါးသူများနှင့်လည်းဝေငှကြပါ။ ကျွန်ုပ်တို့သည် မြော်လင့်ခြင်းခရီးစဉ်ကိုဖြတ်သန်းခဲ့ပြီးပါပြီ။ ထိုကာလအတွင်း သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ/သားများအနေနဲ့ သာသနာခရီးစဉ်၊ ခရစ်တော်ကြွဆင်းလာမည်ဟူသော ကတိတော်ပုပ္ပနိမိတ်လက္ခဏာများနှင့် အမှုတော်မြတ်၏မြော်လင့်ချက်များကို ဆွေးနွေးခဲ့ပါပြီ။ ဒီနှစ်ကိုတော့ဖြင့် “မျှော်လင့်ခြင်းရှိသူများ” ဖြစ်စဉ်ကို နိဂုံးချုပ်ရပါတော့မယ်။

ဒီတစ်ပါတ်တာလုံးအတွက် တရားဒေသနာတော်များကို- (၂ပေ ၃း၁၀-၁၄) မှာ နောက်ခံပြုထားပါတယ်။ ကျွန်ုပ်တို့၏အရှင်ဘုရားသခင်ယေရှုခရစ်တော်ကို ဖေါ်ပြသွားပါတယ်။ ခရစ်တော်သခင်၏နောက်တော်လိုက်ခရစ်ယာန်များအနေနှင့်လည်း၊ မည်သည့်တာဝန်ဝတ္တရား များရှိကြောင်းဖေါ်ပြသွားပါတယ်။ ခရစ်တော်သခင်ကိုယုံကြည်သောကြောင့်၊ ဖြောင့်မတ်ခြင်းဝတ်ရုံကို ကျွန်ုပ်တို့ဝတ်ခြုံထားသဖြင့် သန့်ရှင်း သောအသက်တာနှင့်နေထိုင်သွားအပ်ကြောင်းကိုလည်းပြောပါတယ်။ သို့သော်လည်း ပတ်ဝန်းကျင်မှအပြစ်များသော လောကီရေးရာနှင့် ယဉ်ကျေးမှုဖိအားများကြောင့် ကျွန်ုပ်တို့၏သခင်ဘုရားနှင့်ဆက်ဆံရေးမှာ အားနည်းရပါတယ်။ အဲဒါကြောင့် ကျွန်ုပ်တို့သည် ခရစ်ယာန်တို့ ၏ မြော်လင့်ခြင်းခရီးစဉ်ကို မကြာခဏဆိုသလို အချိန်ယူစဉ်းစားဆင်ခြင်ရပါမည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်သခင်နှင့်ဆက်ဆံရေးမှာ ကြီးထွားမှုရှိပါရဲ့လား။ ကယ်တင်ရှင်၏သန့်ရှင်းသောအသက်တာမျိုးကဲ့သို့ ကျွန်ုပ်တို့နေထိုင်သွားကြ ပါရဲ့လား။ ဤမေးခွန်းများကို ကျွန်ုပ်တို့ဖေါ်ကျူးကြရမယ်။

ဒီနှစ်မှာတော့ ဤဒေသနာတော်တွေကို ကမ္ဘာအဝှမ်းရှိအတွေ့အကြုံများသော ဓမ္မဝန်ဆောင်ကြီးများက ပေးပို့ကြပါတယ်။ သူတို့ တစ်ဦးချင်းစီက ခရစ်တော်သခင်တဖန်ကြွဆင်းလာခြင်းကို မျှော်လင့်နေတယ်။ သူတို့ သည် မည်မျှပျော်ရွှင်ပြီးငြိမ်းအေးနေပုံ၊ သခင့်အတွက် မိမိအသက်တာဖြင့် အလင်းထွန်းလင်းရုံမျှမက၊ သခင်ကောင်းမြတ်ကြောင်းသက်သေခံပုံ၊ အခက်အခဲများကို ရင်ဆိုင်နေရသော်လည်းမိမိတို့ ၏ ယုံကြည်ခံယူချက်ရှိသည့်အတိုင်း သက်ရှင်အသုံးတော်ခံသွားကြပုံ၊ ထာဝရဘုရား ၏ကယ်တင်ခြင်းနှင့်သန့်ရှင်းစင်ကြယ်စေသော ကရုဏာ ကျေးဇူးတော်အပေါ်- အမြဲတစေမှီခိုအားကိုးသွားကြပုံ၊ စသောလက္ခဏာများကို ဖေါ်ပြသွားကြပါတယ်။ ခရစ်တော်၏အသင်းတော်သည် ဒီလိုဘဲ ဖြစ်ရ ပါ့မယ်။ လူသားမျိုးနွယ်တစ်ခုလုံးအတွက် မင်္ဂလာပါရှိစေလိုသော လူမျိုးဖြစ်ရမယ်။

သင်တို့သည် ဤဒေသနာတော်များကို ဖတ်ကြားနာယူသည်နှင့်အမျှ သခင်ဘုရားနှင့်အနီးကပ်- လမ်းလျှောက်လိမ့်မည်ဟု ကျွန်ုပ် မြော်လင့်မိပါတယ်။ ထိုဒေသနာတော်တို့သည် သင့်ကိုသန့်ရှင်းခြင်း၌ ကြီးထွားစေပြီး ခရစ်တော်သခင်ကြွဆင်းလာခြင်းအတွက် မိမိကိုယ်ကိုပြင် ဆင်စေသော တရားများဖြစ်ပါစေသော် ဟု ဆုတောင်းမေတ္တာပို့သလျှက်-

ခရစ်တော် နှင့် အသင်းတော် ၌

သင့်အစ်ကို

**Jan Paulsen** (ဂျန်ပေါလ်စန်)
ကမ္ဘာလုံးဆိုင်ရာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော် သာသနာပိုင်ချုပ်
အမေရိကန်ပြည်ထောင်စု

**ပထမညဦးနေ့**

# ရှေ့ကိုအစဉ်ကြို ကြည့်နေတဲ့ လူတစ်စု

ရေးသားသူ- ဂျွန်ပေါလ်စန်

## သခင်ဘုရားကို စောင့်မျှော်နေခြင်း၏အဓိပ္ပါယ်

ခရစ်တော်သခင်တဖန်ကြွဆင်းလာခြင်းနှင့်ပတ်သက်၍ ရှင်ပေတရုက "ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့်၊ မိုးကောင်းကင်သည်မီးနှင့်ပျက်၍၊ လောကဓါတ်တို့သည် ပူအားကြီးလျက် အရည်ကျိုခြင်းခံရသောနေ့တည်းဟူသော ဘုရားသခင်၏နေ့ ရောက်လာလိမ့်မည်ဟု သင်တို့သည် မျှော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။" (၂ပေ ၃း၁၁၊ ၁၂) ဟုမေးခဲ့ပါတယ်။ ဒီမေးခွန်းများဟာ ထာဝရဘုရားသခင်၏အစေခံ-ကျွန်ုပ် တို့အားလုံးအတွက်မြင့်မြတ်သောနှိုးဆော်ချက်ဖြစ်ပါတယ်။ထိုကျမ်းပိုဒ်ထဲမှာမေးခွန်း၊အဖြေနှင့်မျှော်လင့်ချက်များရှိပါ၏။ ထိုသို့နှင့်အညီ ယုံကြည်သူ၏အသက်တာမှာရှေးဦးစွာကြိုတင်၍ အရည်အသွေးပြည့်မှီရန်ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ထိုကျမ်းပိုဒ်ကိုပြန်လည်သုံးသပ် ဆင်ခြင်ကြပါစို့။

လူအမျိုးမျိုး၊ စိတ်အထွေထွေရှိကြပါသော်လည်း၊ ဤနေရာတွင်ရှင်ပေတရုက ခရစ်တော်သခင် မေရှိယ ကို ယုံကြည်သောနောက်တော်လိုက်များကို အထူးသဖြင့် ပြောနေပါသည်။ ယုံကြည်သူများဟာလည်း ဒေသအသီးသီး၊ လူမျိုးနွယ် ဘာသာစကားအသီးသီးမှလာကြသော်လည်း အသက်ရှင်သောထာဝရဘုရား၏လူများတစ်စုအနေဖြင့် သီးခြားရပ်တည်နေသူများဖြစ်ကြပါတယ်။ ဘယ်လိုလူတွေဖြစ်သင့်ကြသလဲဆိုတာကို ဆက်လက်ဆင်ခြင်ကြရအောင်ပါ။

## ဘယ်လိုလူမျိုးပါလိမ့်?

ရှင်ပေတရုရဲ့မေးခွန်းဟာ ကျွန်ုပ်တို့တစ်ယောက်စီအတွက်ပြောနေတာပါ။ ယုံကြည်သူတစ်ဦးအနေနဲ့ သင်တို့နဲ့ ကျွန်ုပ်ရဲ့သဘောထား ကဘယ်လိုပါလဲ။ ခရစ်ယာန်တစ်ဦးဟာ ဘာနဲ့တူရမှာလဲ။ ဒီမေးခွန်းကပေါ်ပြူလာမဖြစ်ပါဘူး။ အထူးသဖြင့်အနောက်နိုင်ငံတွေမှာပေါ့။ ယုံကြည်သူတစ်ဦးဟာ "ငါဟာဘယ်သူလဲ" ဆိုတဲ့မေးခွန်းမမေးရပါဘူး။ ဒီလိုမေးရတာဟာ ပုဂ္ဂိုလ်ရေးသိပ်ဆန်ပါတယ်။ ဘာကြောင့်လဲ။ ကျွန်ုပ်တို့အားလုံးဟာ လူတစ်မျိုးဖြစ်လို့ပါဘဲ။ ထာဝရဘုရားရဲ့ဝိညာဉ်တော်လမ်းပြမှုကိုခံယူတယ်။ နှုတ်ကပတ်ကျမ်းစာက ဘုရားသခင်ရဲ့ ဖေါ်ပြချက်တွေအပေါ်အခြေပြုထားတာကြောင့်၊ ကမ္ဘာ့လူ့အသိုင်းအဝန်းမှာနှစ်မျိုးမရှိဘူး။ ယှဉ်ဖက်မရှိ- တမျိုးတည်းသောလူစုဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်ုပ်တို့ဟာ ဘယ်လိုလူမျိုးဖြစ်သင့်ကြပါသလဲဆိုတဲ့ မေးခွန်းကိုမေးဘို့ မရှိ- မဖြစ်သင့်လျော်လှပါတယ်။

ဒီလိုဆိုတော့ ကျွန်တော်က အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်တယ်ဆိုတဲ့အသက်တာပုံစံမျိုးကိုပြောနေတာမဟုတ်ပါဘူး။ ဒီနေရာမှာရှင်ပေတရုကလည်း မောရှေပညတ်အတိုင်း နေထိုင်ဖို့-ဖိအားပေးနေတာမဟုတ်ပါဘူး။ ရှင်ပေတရုဟာ သခင်ယေရှုဘုရားတဖန်ကြွဆင်းလာတာကိုမြော်လင့်စောင့်ဆိုင်းနေကြသူတို့ရဲ့အသက်တာမှာ ခရစ်တော်သခင်ရဲ့ကယ်တင်ခြင်းကျေးဇူးတော်ကိုသာ အထူးသဖြင့် အာရုံစိုက်စေချင်တာပါ။ ဒါကိုသာ သူစိတ်ဝင်စားနေခဲ့တာပါ။ သခင့်ကိုစောင့်မြော်နေသူဟာ လိုအပ်တဲ့မေးခွန်းကိုဖြေဘို့သူ့ကိုယ်သူ ပြင်ဆင်ထားရမှာပေါ့ဆိုတဲ့သဘောပါ။ ခရစ်ယာန်တို့ရဲ့မြော်လင့်ချက်ဟာ အင်္ဂဒေလို- အခိုင်အမာကြီးမပေါ်လာသေးပါဘူး။ ခရီးစဉ်မှာဘဲရှိနေပါ သေးတယ်။ စောင့်မြော်နေရင်း၊ အတွေ့အကြုံကိုယူနေရတာပါ။ အကျင့်ကိုအထူးမပေါ်မလွင်စေတဲ့မေးခွန်းမျိုးနဲ့မေးရမယ်ဆိုရင်၊ "ယေရှု သခင်- တဖန်ကြွဆင်းလာခြင်းကိုစောင့်မြော်နေရတဲ့အဓိပ္ပါယ်က ဘာလဲ။" ဒီမေးခွန်းက စောင့်မြော်နေခြင်းနဲ့ပတ်သက်တဲ့ စိတ်ဓါတ်ဗေဒ ဆိုင်ရာမေးခွန်းမျိုးမဟုတ်ပါဘူး။ ကြောက်နေရမှာလား။ ဝမ်းမြောက်စရာရှိရဲ့လား၊ ဆိုတာမျိုးမဟုတ်ဘဲနဲ့၊ သခင်ရဲ့ အလာကိုစောင့်မြော်နေခြင်း မှာ ယုံကြည်သူလူတစ်စုအနေနဲ့ မိမိတို့ရဲ့ အသက်တာကို ဘယ်လောက်အရည်အသွေးတင်ရမှာလဲဆိုတဲ့ ဆုံးဖြတ်ချက်မျိုးရှိနေဖို့ပါ။

အသင်းတော်ကြီးတစ်ခုလုံးရဲ့ သက်သေခံပေါင်းစည်းမှုကြီးတစ်ခုကတော့၊ ခွဲထားလို့မရနိုင်တဲ့ (တတိယကောင်းကင်တမန်) သီတင်း စကားနဲ့သာသနာလုပ်ဆောင်ချက်တွေဘဲဖြစ်ပါတယ်။ အဲဒါဟာ သမ္မာကျမ်းစာရဲ့အတွေးအမြင်ပါ။ ပုဂ္ဂိုလ်တော်ယေရှုသခင်နဲ့လည်း တိုက်ရိုက် ဆက်နွယ်နေပါတယ်။ (ယောဟန် ၁၄း၆)။ ယေရှုဘုရားရဲ့အတုမရှိ- ဖြစ်တည်မှုဟာ ခေတ်အဆက်ဆက်ရှိ၊ သန်းနဲ့ချီရှိတဲ့ ခရစ်ယာန်တွေရဲ့ အသက်တာကိုပြောင်းလဲပေးနေပါတယ်။ အနန္တစကြာဝဠာကြီးကိုပင် ပြောင်းလဲပေးအုံးမှာပါ။ အဲဒါကြောင့် ခရစ်ယာန်များတို့ ---ရှင်ပေတရုဟာသင်တို့အားလုံးကိုသတ္တိရှိရှိ မေးခွန်းမေးနေပါပြီ။"သင်သည်ဘယ်ကဲ့သို့သောလူမျိုးဖြစ်သင့်ပါသလဲ" အဲဒါကြောင့် ကျွန်ုပ်တို့နေထိုင်တဲ့ ကမ္ဘာ့မြေပေါ်မှာ ယုံကြည်သူဘုရားသခင်ရဲ့သားသမီးများပီပီ ဘုရားသခင်၏သစ္စာခံများအဖြစ် မိမိတို့၏အသက်တာပုံစံများကို လောကီသားတို့၏အလယ်မှာ ထွန်းလင်းဖေါ်ပြရပါမယ်။

## သင်ဒီလိုနေထိုင်သင့်တယ်. . .

အထက်ဖေါ်ပြပါမေးခွန်းဟာ ရှင်းပြလို့နားမလည်လောက်အောင်မခဲယဉ်းပါဘူး။ စာဖတ်သူ၊ ကြားနာသူများကိုယ်တိုင်ဖြေလို့ရနိုင်ပါတယ်။ မေးခွန်းရဲ့အရေးကြီးအချက်က ရှင်းလင်းပြတ်သားတဲ့အဖြေတစ်ခုကို ထိုက်ထိုက်တန်တန်ရရှိဖို့ပါဘဲ။ အဲဒီအဖြေကတော့၊ “သင်သည်သန့်ရှင်း၍ ဘုရားတရားကြည်ညိုသောအသက်တာနှင့်နေသင့်ပါသည်” ဆိုတာပါဘဲ။ မှန်ပါသည်။ ရှင်းလင်းပြီးရိုးစင်းတဲ့အဖြေပါ။ သခင်ဘုရားရဲ့ဘုန်းတော်နဲ့ကြွလာတာကိုမြော်လင့်နေသူတစ်ယောက်ဟာဟာ သန့်ရှင်းပြီးဘုရားတရားကြည်ညိုတဲ့အသက်တာ နဲ့နေရမယ်ဆိုတဲ့ အဓိပ္ပါယ်ပါဘဲ။ ခရစ်တော်အားဖြင့်ကြီးမားတဲ့ဆုကျေးဇူးတော်ကိုစိန်ခေါ်နေတဲ့ အချက်ကြီးတစ်ချက်ဖြစ်ပါတယ်။ ဒီသန့်ရှင်းခြင်းဟာ လူသားသဘာဝကနေ ကြိုးစားပြီးမှ ဖြစ်ပေါ်လာတဲ့သန့်ရှင်းခြင်းမျိုးမဟုတ်ပါဘူး။ ဖန်ဆင်းခြင်းခံရတဲ့သတ္တဝါကနေ လုံးဝမအခြေ မတူထားတဲ့သန့်ရှင်းခြင်းတစ်ခုပါ။ ထာဝရဘုရားတဆူတည်းသာလျှင်သန့်ရှင်းခြင်းရှိပါတယ်။ ကိုယ်တော်ရှင်ဟာ ဖန်ဆင်းရှင်၊ကယ်တင်ရွေးနှုတ်ရှင်အဖြစ်နဲ့သန့်ရှင်းနေတာပါ။ ကိုယ်တော်နဲ့တူတဲ့ပုဂ္ဂိုလ်၊ ဒီစကြာဝဠာမှာမရှိပါဘူး။ ကိုယ်တော်ရှင်ဟာ ဣသရေလလူမျိုးရဲ့သန့်ရှင်းသူတပါးဖြစ်ပါတယ်။

အဲဒီသန့်ရှင်းခြင်းဟာ ထာဝရဘုရားရဲ့ဖြစ်တည်မှုအားဖြင့် ကျွန်ုပ်တို့ရဲ့အသက်တာထဲဝင်ရောက်လာတာပါဘဲ။ကိုယ်တော်နဲ့ကျွန်ုပ်တို့ပတ်သက်မှုရှိမှကျွန်တော်တို့လည်းသန့်ရှင်းလာမှာပါ။ ယေရှုသူငယ်တော်နဲ့ပတ်သက်ပြီး ကောင်းကင်တမန်ဂါဗြေလက မယ်တော်မာရိကို “သန့်ရှင်းသောဝိညာဉ်တော်သည်သင့်အပေါ်မှာသက်ရောက်တော်မူ၍. . . ထိုအကြောင်းကြောင့်၊ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။” (လုကာ ၁း၃၅) လို့ဆိုပါတယ် ထာဝရဘုရား၏ သန့်ရှင်းခြင်းသည်တစ်ချိန်တုန်းကအစ္စရေးတို့ရဲ့တဲတော်မှာဖေါ်ပြခဲ့ပြီး၊ ယခုမှာတော့လူဇာတိခံယူတဲ့ ဘုရားသားတော်ယေရှုမှာထင်ရှားနေပါတယ်။ သူငယ်တော်ယေရှုခရစ်တော်အဖြစ်ကျွန်ုပ်တို့ဟာထာဝရဘုရားသခင်ထံတော်မှဆုလက်ဆောင်ကိုရယူခဲ့ရတာပါ။ယခုမှာလည်း ကျွန်တော်တို့လူသားတွေဆီရောက်ရှိနေပါတယ်။ အဲဒီလိုကောင်းကင်ကလာတဲ့ ဆုကျေးဇူးကို ရှင်ပေတရုက ပြောနေတာပါ။ “သင်သည်ဘယ်လိုလူမျိုးဖြစ်သင့်ပါသလဲ” ဆိုတဲ့၊ သူ့မေးခွန်းကိုဘဲ သူက “သန့်ရှင်းခြင်းနဲ့ဘုရားတရားရိုသေကိုင်းရှိုင်းမှုမရှိတဲ့ ဒီလောကီကမ္ဘာပေါ်မှာသက်ရှင်နေထိုင်နေတဲ့ သင်တို့အသီးသီးရဲ့အသက် တာထဲကို သန့်ရှင်းသောဘုရားသခင်သည်တစ်ဦးချင်းစီအနေနဲ့ရော၊လူမျိုးစုတစ်စုတည်းအနေနဲ့ရော တဖန်ဝင်ရောက်ကာ- ပုံပေါ်စေပါ ” လို့အဖြေပေးထားပါတယ်။

ထာဝရဘုရားသခင်ရဲ့ စီမံချက်ဟာ သခင်ဘုရားကိုစောင့်မြော်နေတဲ့သန့်ရှင်းသူလူတစုရှိဖို့ပါဘဲ။ အဲဒီလူတစ်စုဟာ မျက်မြင်တွေ့နိုင်ပြီး လူသားတန္ဒယ်လုံးကို ကောင်းကြီးမင်္ဂလာဖြစ်စေတဲ့သူတွေဖြစ်ပါတယ်။ သန့်ရှင်းသောဘုရားသခင်သားတော်ယေရှုအားဖြင့် သူတို့တတွေ ဟာ ထာဝရဘုရားပိုင်ပစ္စည်းဖြစ်တော်မူတယ်။ မေးခွန်း ရဲ့အဖြေဟာ တသီတတန်းကြီးမရှိပါဘူး။ အဲဒါကို သတိပြုပါ။ သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် ခရစ်ယာန်အသက်တာဟာ သန့်ရှင်းခြင်းရှိနိုင်ပါတယ်။ စာရိတ္တတိုးတက်ရေးဟာလည်း အကန့်အသတ်မရှိပါဘူး။ စိတ်နှလုံးအကြွင်းမဲ့နဲ့ထာဝရဘုရားသခင်၏ သစ္စာခံဖြစ်ဖို့တောင့်တမှုဖြစ်ပေါ်လာပါတယ်။ ထာဝရဘုရား၏သန့်ရှင်းခြင်းဟာ ဘုရားသားတော် ယေရှု သခင်အားဖြင့် ကျွန်ုပ်တို့ထဲကိုစီးဝင်လာပါတယ်။ အဲဒါကြောင့်ကျွန်ုပ်တို့ဟာ သန့်ရှင်းသောထာဝရဘုရားနဲ့ နေ့တိုင်းအစဉ်- မခြားမလပ်ထိတွေ့မှုရှိနေရပါမယ်။

ထာဝရဘုရားသခင်ရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ လူတစုံအနေနဲ့ အသင်းတော်ဟာ ဒီကမ္ဘာမြေကြီးနဲ့စကြာဝဠာတစ်ခုလုံးကို ဘုန်းတောက် သော ထာဝရဘုရား၏သန့်ရှင်းခြင်းအဖြစ်ကိုဖေါ်ပြရပါမယ်။ “ထာဝရဘုရားသည်မိမိ၏အသင်းတော်အားဖြင့် မိမိ၏သန့်ရှင်းခြင်းအလှကို ကမ္ဘာကြီးအားဖေါ်ပြစေလိုပါသည်။ ခရစ်ယာန်သာသနာ၏တန်ခိုးသြဇာကို အသင်းတော်သည် ဖေါ်ကျူးရပါမည်။ ကောင်းကင်ဘုံကလည်း ခရစ်ယာန်စာရိတ္တ၌ မိမိ၏ဘုန်းတော်ကိုထင်ရှားစေပါလိမ့်မည်ဟု အယ်လင်ဂျီဝှိုက်က “ယေရှုသခင်ကိုချီးမြောက်ပါ” ဟူသော စာအုပ် စာမျက်နှာ (၂၇၅) မှာဖေါ်ပြထားပါတယ်။ အဲဒီသန့်ရှင်းခြင်းကို ဘာသာတရားကြည်ညိုလွန်းပြီး ဝိညာဉ်ရေးရှိလို့သာရတာမဟုတ်ပါဘူး။ ပတ်သက်တာတော့ပတ်သက်ပါတယ်။ ဒါပေမဲ့ ခြုံပြီးပြောရမယ်ဆိုရင်၊ ထာဝရဘုရားသခင်ကို ချစ်မြတ်နိုးလို့ အဲဒီမှာအခြေခံပြီး အသက်တာ မှာရှိလာတဲ့ စာရိတ္တနဲ့ဝိညာဉ်ရေးဆိုင်ရာဖြောင့်မတ်ခြင်းဖြစ်ပါတယ်။

သန့်ရှင်းခြင်းဆိုတဲ့နေရာမှာ လူတွေရဲ့ကိုယ်ကျင့်တရားကိုလည်းလစ်လျူရှုလို့မရပါဘူး။ အကျင့်သိက္ခာရှိတဲ့အသက်တာနဲ့ ဘုရားသခင် ရဲ့အလိုတော်မှာအပ်နှံလိုက်ခြင်းဟာ ခရစ်ယာန်အသက်တာမှာ ဘုရားတရားရိုသေကိုင်းရှိုင်းပြီး ဘုရားဝတ်မှာမွေ့လျော်တယ်ဆိုတဲ့ သဘောကို ဖေါ်ညွှန်းပါတယ်။ ဒီခေတ်ကြီးမှာ လူတွေဟာထာဝရဘုရားသခင်ရဲ့ပညတ်တော်ကို ဂရုမစိုက်၊ စာရိတ္တညစ်ညမ်းမှုတွေလွှမ်းမိုးနေလို့ ကျွန်ုပ် တို့ဟာ ဘုရားသခင်အားကိုးနဲ့ သန့်ရှင်းသောအသက်တာ၊ ဘုရားဝတ်မှာမွေ့လျော်တဲ့အသက်တာမျိုးနဲ့နေထိုင်ဖို့ဖြစ်ပါတယ်။ ဒီလိုမျိုး အင်အားကြီးတဲ့သက်သေတစ်ခုကိုပြနိုင်ပါမှ ထာဝရဘုရားသခင်ရဲ့ အမှုတော်မြတ်မှာနေရာရပြီး လူသားချင်းတွေကိုလည်းအလုပ်အကျွေး ပြုနိုင်မှာဖြစ်ပါတယ်။

## သင်သည်ရှေ့သို့ကြည့်မြင်နေသည်နှင့်အမျှ. . . .

အသင်းတော်ရဲ့သတင်းစကားနဲ့ထာဝရဘုရား၏ခရစ်ယာန် သမ္မာကျမ်းစာနှုန်းထားတွေဟာ သန့်ရှင်းပြီးဘုရားဝတ်မှာမွေ့လျော်တဲ့ အရေးကြီးဆုံးအသက်တာမျိုးကို သွန်သင်ပေးနေပါတယ်။ "အသင်းသူ/သားတွေဟာဖုံးကွယ်နေတဲ့ရတနာသိုက်ကို ရှာဖွေသလို၊ သမ္မာတရားကိုကြိုးစားမရှာနေသမျှ သန့်ရှင်းတဲ့အဆင့်ကိုရောက်နိုင်မှာမဟုတ်ဘူး" လို့ အယ်လင်ဂျီဝှိုက်က ပြောထားပါတယ်။ (Maranatha, p.132) သမ္မာတရားဟာ အသင်းတော်အတွင်းအသက်တာမှာပါဝင်ပေါင်းစပ်လာပါပြီဆိုရင်တော့ ကျွန်ုပ်တို့ရဲ့စစ်မှန်တဲ့ ရုပ်လုံးကိုပေါ်လွင်စေမှာဖြစ်ပါတယ်။ကျွန်ုပ်တို့ဟာဘုရားသခင်ပေးသနားသောတာဝန်ဖြစ်တဲ့သမ္မာတရားကိုကြွေးကြော်ဖို့သင့်နေပါပြီ။ သန့်ရှင်းပြီးဘုရားဝတ်နဲ့မွေ့လျော်တဲ့အသက်တာမျိုးကိုလည်းထွန်းလင်းဖို့ဖြစ်ပါတယ်။ဒါဟာ သခင်ယေရှုကိုစောင့်မြော် နေရင်း လုပ်ဆောင်ရမဲ့အရေးကြီးဆုံးအလုပ်တစ်ခုပါ။

အဲဒီလိုသခင်အလာကိုစောင့်မြော်နေရင်း၊ သန့်ရှင်းပြီးဘုရားဝတ်မှာမွေ့လျော်တဲ့အသက်တာမျိုးကိုနေထိုင်ပြသနေခြင်းဟာရှေ့ကိုအစဉ်မှန်းမြော်ပြီးမြော်လင့်ချက်နဲ့နေထိုင်တဲ့လူတွေပါ။ အတိတ်ကအပြစ်တွေရဲ့ ဖိစီးမှုကိုသတိရပြီး စိတ်အာရုံကိုမှောင်မိုက်စေဖို့ ခွင့်မပြုရပါဘူး။ အဲဒီအတိတ်ကကျန်ရစ်ခဲ့ပြီဖြစ်တဲ့ အပြစ်မကင်းတဲ့ခံစားမှုတွေဟာ လက်ရှိအသက်တာရဲ့အရည်အသွေးကိုမလွှမ်းမိုးစေရပါဘူး။ အတိတ်ကပြီးခဲ့တာ၊ ပြီးသွားခဲ့ပါပြီ။ ဘာမျှမလုပ်နိုင်တော့ပါဘူး။ အတိတ်ကအတွေ့အကြုံတွေကိုလည်း ပြန်လှန်ပြီး၊ မပေးလျော်နိုင်တော့ပါဘူး။ အဲဒါကို ထာဝရဘုရားကပြန်ပေး-လျော်ပစ်လိုက်ပါပြီ။

ကျွန်ုပ်တို့ရဲ့ အတိတ်ကဒုစရိုက်ပြစ်မှားမှုတွေကို ယေရှုသခင်ရဲ့ဆက်ကပ်အသေခံခြင်းဖြင့် ထာဝရဘုရားသခင်၏ ကရုဏာတော်ကို ခံစားရလို့-အပြစ်မယူတော့ပါဘူး။ ခရစ်တော်၌ကျွန်ုပ်တို့ရဲ့အတိတ်ကို ဘုရားသခင်ဟာ အပြီးပိုင်ခြေဖျောက်ပစ်လိုက်ပါပြီ။ ကိုယ်တော်ရှင်ရဲ့ဘုန်းတော်ထင်ရှားစေဖို့ ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့ရဲ့အသက်တာကိုပြောင်းလဲပစ်လိုက်ပါပြီ။ <u>အဲဒါကြောင့်ယခုအသက်တာမှာဘုရားသခင်ရဲ့သန့်ရှင်းခြင်းတန်ခိုးတော်ကို ကျွန်ုပ်တို့ရဲ့အသက်တာမှာ ဖော်ပြဖို့ဖြစ်ပါတယ်။</u> အတိတ်က ဝန်ထုတ်ဝန်ပိုတွေအားလုံးကို ထာဝရဘုရားခြေတော်ရင်းမှာ ချထားခဲ့ပြီး၊ သန့်ရှင်းသောအသက်တာဖြင့် လူသားတွေအတွက်အလုပ်အကျွေးပြု- ဝန်ဆောင်ကြပါစို့။ ကျွန်ုပ်တို့ရဲ့ယခုအသက်ရှင်နေပုံဟာ ကျွန်ုပ်တို့မြော်လင့်နေတဲ့ရှေ့ရေးအသက်တာအတွက် ဖြစ်တယ်ဆိုတာကိုသတိရဖို့လိုပါတယ်။

ယေရှုသခင်ရဲ့လက်ဝါးကပ်တိုင်တော်ဟာ အပြစ်နဲ့ဒုစရိုက်တန်ခိုးအောက်မှ ကျွန်ုပ်တို့ကိုလွတ်ငြိမ်းစေခဲ့ပြီးဆိုတာကိုမမေ့ပါနဲ့။ "သင် သည်ဘယ်လိုလူမျိုးဖြစ်သင့်ပါသလဲ" ဆိုတဲ့ ရှင်ပေတရုရဲ့မေးခွန်းကိုသူကိုယ်တိုင်ကဘဲ အဖြေပေးခဲ့ပြီးပါပြီ။ ကျွန်ုပ်တို့သည်ယခုတွင် မိမိ ကိုယ်ကိုသန့်ရှင်းစေ၍ ဘုရားဝတ်၌မွေ့လျော်သောအသက်တာနှင့်နေသင့်သည်။ ဒီလိုလုပ်ဆောင်လိုတဲ့ သဘောဟာ ကျွန်ုပ်တို့ရဲ့နေ့စဉ်အတွေ့အကြုံကို အမှန်အကန်ဖြစ်စေပါတယ်။ ကျွန်ုပ်တို့ရဲ့ရှေ့ရေးအသက်တာဟာ ကျွန်ုပ်တို့ရဲ့သန့်ရှင်းတဲ့ ကယ်တင်ပိုင်ရှင်သခင်ဘုရား၊-မယ်တော်မာရိကနေမွေးဖွားမှုခံယူခဲ့တဲ့ သန့်ရှင်းသောဘုရားသခင်ရှေ့တော်မှောက်မှာဝမ်းမြောက်ဖို့ဖြစ်ပါတယ်။ အဲဒါဟာကျွန်ုပ်တို့ရဲ့ခရီးလမ်းဆုံးပါဘဲ။ ခုချိန်မှာ အဲဒါကို မျက်မှောက်ပြုရင်းစောင့်မျှော်နေတာပါ။ အသက်ရှင်တာ အဲဒီမင်္ဂလာရှိသောမြော်လင့်ခြင်းကြောင့်ပါ။ သင်၏ဘုရားသခင်ထာဝရဘုရားနှင့်တွေ့ဆုံဖို့ရန် သန့်ရှင်း၍ဘုရားဝတ်၌မွေ့လျော်သောအသက်တာနှင့်နေထိုင်ကြပါ။ <u>သခင့်ကိုစောင့်မျှော်ခြင်းနဲ့သန့်ရှင်းသောအသက်တာနှင့်နေထိုင်သွားခြင်းဟာ အတူတူဘဲလို့ ကျွန်ုပ်ပြောချင်ပါတယ်။</u> ထိုနေ့ရက်ကိုမျက်ခြေမပြတ်စောင့်မြော်ဖို့မမေ့ကြပါနဲ့။

ကဲ. . . မေးခွန်းကတဝဲလည်လည်ဖြစ်နေပြန်ပါပြီ။ "ကျွန်ုပ်တို့သည်ဘယ်လိုလူမျိုးဖြစ်သင့်ကြပါသလဲ။" စိန်ခေါ်နေတဲ့အဖြေကတော့- "ကျွန်ုပ်တို့သည်သန့်ရှင်း၍ဘုရားဝတ်၌မွေ့လျော်သောအသက်တာနှင့်နေသင့်ကြပါသည်။" သခင်အလာကိုသင့်စောင့်မြော်နေရင်၊ သင့်မှာမျှော်လင့်ချက်ရှိပါတယ်။ ခရစ်တော်ယေရှုဘုရားတဖန်ကြွဆင်းလာချိန်မှာ ပြည့်ပြည့်ဝဝမြင်တွေ့ရမည်။ ထာဝရဘုရားသခင်၏သန့်ရှင်းခြင်းသည်ယခုအချိန်မှာကျွန်ုပ်တို့၌ ထင်ရှားခြင်းရှိနေပါစေသော်။ဤသို့လျှင်ကျွန်ုပ်တို့သည်ကွဲပြားမှုမရှိသောထာဝရဘုရား၏လူမျိုးဖြစ်ကြောင်းကိုထင်ရှားစေကြကုန်စို့။

## <u>တုံ့ပြန်မှုပြုရန်နှင့်တစ်ပါးသူတို့အားဝေငှရန်မေးခွန်းများ</u>

၁။ သန့်ရှင်းခြင်းသည် စိန်ခေါ်မှုတစ်ရပ်လော (သို့မဟုတ်) ကျေးဇူးတော်တစ်ပါးလော။

၂။ ထာဝရဘုရား၏လူတို့သည် ယခုခေတ်မီလောကကြီးနှင့်မည်ကဲ့သို့ကွဲပြားနေပါသလဲ။

( ဂျဲန်ပေါလ်စင်သည် ကမ္ဘာလုံးဆိုင်ရာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်၏ သာသနာပိုင်ချုပ်ကြီး ဖြစ်ပါသည်။ ) # # #

**တနင်္ဂနွေနေ့**

# "ပျော်ရွှင်၍ငြိမ်းအေးမှုရှိသောလူတစ်စု"

ရေးသားသူ- ဇီးနာဝါးလန်

## ( အသက်တာကိုယေရှုသခင်ပြောင်းလဲပေးပုံ )

လူများစွာဟာ ပျော်ရွှင်မှုကိုတစ်သက်တာလုံးရှာနေကြတာပါ။ ဘဝတကွေ့မဟုတ် တကွေ့မှာတော့ ပျော်ရွှင်မှုအတိုအထွာလေးတွေ မြင်တွေ့ရတဲ့အခါလည်းရှိတာပေါ့။ ဒါပေမဲ့ တကယ်တမ်းစစ်မှန်တဲ့ ပျော်ရွှင်မှု၊ လေးနက်ပြီးတာရှည်ခံတဲ့ပျော်ရွှင်မှုမျိုးကိုတော့ ပစ္စည်းဥစ္စာ၊ အခြေအနေများနဲ့လူတွေဆီကနေမရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပစ္စည်းသခ်ါရ၊ လူသခ်ါရဖြစ်လို့ပါ။ အခြေအနေတွေဆိုတာလည်း ယနေ့ရွှေဆို၊ နက်ဖြန်ငွေ ၊ ကြေး၊ ဖွဲ၊ စားကွဲစသည်ဖြင့် ပြောင်းလဲနေတာပါ။ ကိုယ့်ရွေးချယ်မှုအပေါ်ဖြစ်ချင်ဖြစ်၊ မဖြစ်လည်း ဒါက လောကဓံတရားပါ။

### ပျော်ရွှင်သောလူတစ်စု

မြော်လင့်ခြင်းရှိသူများအနေနဲ့ ကျွန်ုပ်တို့ရဲ့ပျော်ရွှင်မှုဟာ "မနေ့၊ ယနေ့၊ နောင်ကာလပြောင်းလဲခြင်းမရှိ" (ဟေဗြဲ ၁၃း၈) တဲ့ ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ်ပေါ်တည်ဆောက်ထားတာကြောင့်ပါ။ ပျော်ရွှင်မှုဆိုတာကမိမိရဲ့ဆန္ဒကိုဘဲအာရုံပြုလို့ရရှိလာတာမဟုတ်ဘဲနဲ့။ အပြင်ကို ကြည့်ပြီး လူသားတွေကို အလုပ်အကျွေးပြုခြင်းမှရရှိလာတာလို့ ထာဝရဘုရားရဲ့သမ္မာကျမ်းစာကသတိပေးထားပါတယ်။ "ညီအစ်ကိုချင်းချစ်မြတ်နိုးကြပါ။" ဧည့်ဝတ်ပြုခြင်းကို မမေ့လျော့ကြပါနဲ့ ၊ ထောင်ထဲမှာရှိတဲ့သူတွေကိုသတိရကြပါ။ ညှဉ်းဆဲခံရသောသူတို့ကို အောက်မေ့ကြပါ။ ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။ ငွေကို မတပ်မက်ပါနဲ့။ ကိုယ့်မှာ ရှိတာနဲ့တင်းတိမ်ရောင့်ရဲပါ။ ဘာကြောင့်လဲဆိုတော့ ထာဝရဘုရားက "ငါသည်သင့်ကိုမစွန့်၊ သင့်ကို အလျှင်းပစ်၍ မထား" လို့ကတိပေးထားပါတယ်။ (ဟေဗြဲ ၁၃း၁-၅)

ထာဝရဘုရားရဲ့သမ္မာကျမ်းစာထဲမှာ ကတိတော်တွေနဲ့ပြည့်နေပါတယ်။ ထာဝရဘုရားကိုယုံကြည်ပြီးအလိုတော်စီမံချက်အတိုင်း လိုက်နာရင်အဓွန့်ရှည်သောပျော်ရွှင်မှုကိုရမှာဖြစ်တယ်။ "ယာကုပ်အမျိုး၏ဘုရားသခင်မစတော်မူသောသူ၊ မိမိဘုရားသခင်ထာဝရဘုရားကို မြော်လင့်သောသူသည်မင်္ဂလာရှိပျော်ရွှင်ရ ၏။ညှဉ်းဆဲခြင်းခံရသောသူတို့အား တရားစွာပြုတော်မူ၏။ငတ်မွတ်သောသူတို့ကိုကျွေးတော်မူ၏။ထာဝရဘုရားသည်နှိမ့်ချသောသူတို့ကို ကြွပင့်တော်မူ၏။ဖြောင့်မတ်သောသူတို့ကိုချစ်တော်မူ၏။" (ဆာလံ ၁၄၆း၅-၈)လို့ဆိုထားပါတယ်။

ဒါပေမဲ့ ဝမ်းနည်းစရာတွေက အိမ်တံခါးလာခေါက်လို့ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးထဲ မျှော်လင့်ချက်ကင်းမဲ့သွားလောက်အောင် ခံစားရတဲ့ အဖြစ်မျိုးကိုဘယ်လိုပြောရမှာလဲ။**နှလုံးသားထဲကျွဲဝင်ခတ်သလိုမျိုး**နာကြင်စွာခံစားရတဲ့အခါမှာယောဘကိုသတိရပါ။ ဆင်းရဲခြင်းဝေဒနာထဲမှာပင် ဝမ်းသာပျော်ရွှင်နိုင်တယ်ဆိုတာကိုသတိရပါ။ "အပြစ်နှင့်အလျောက်ဘုရားသခင်စစ်ဆေးတော်မူခြင်းကိုခံရသောသူသည် မင်္ဂလာရှိ၍ပျော်ရွှင်ရပါ၏။ ထို့ကြောင့် အနန္တတန်ခိုးရှင်ဆုံးမတော်မူခြင်းကိုမထီမဲ့မြင်မပြုပါနှင့်။ထိုအရှင်သည် အနာကိုဖြစ်စေ၍ ထိုအနာကိုလည်း စည်းတော်မူ၏" (ယောဘ ၅း၁၇-၁၈)။

စစ်မှန်သောပျော်ရွှင်မှုသည် သာယာမှုအပေါင်းတို့ထက်ပိုပါတယ်။ အဲဒါဟာအသက်ရှင်နေသ၍မှာတင်းတိမ်ရောင့်ရဲမှုအသိစိတ် ရှိရမယ်။ ဝမ်းမြောက်နေရမယ်။ မိမိရဲ့ထာဝရကာလခရီးလမ်းဆုံးဟာ မိမိထက်ကြီးမြတ်တဲ့ဘုရားသခင်၌ အမြစ်ခိုင်မာစွဲမြဲစွာထားရှိတယ် ဆိုတဲ့ အသိတရားပါဘဲ။ ကျွန်ုပ်တို့သည် ယေရှုသခင်ကိုအားကိုးပါ၏။ ထိုသခင်သည် "ယုံကြည်ခြင်းကိုအစအဦးစီရင်၍စုံလင်စေတော်မူသော" သူဖြစ်၏။ မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့် ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ ဘုရားသခင်၏ပလ္လင်တော်လက်ယာဘက်၌ ထိုင်နေတော်မူ၏။ (ဟေဗြဲ ၁၂း၂)။

### ငြိမ်းအေးမှုရှိသောလူတစ်စု

ပျော်ရွှင်မှုကိုဘဲ ကမ္ဘာ့လူသားများစွာဟာ ရာစုနှစ်နဲ့ချီပြီး ငြိမ်သက်ခြင်းကိုရှာဖွေကြပါတယ်။ ဒါပေမဲ့အောင်မြင်မှုဟာ နည်းလှပါတယ်။ လေ့လာတွေ့ရှိချက်မှတ်တမ်းအရ "သမိုင်းဝင်မှတ်တမ်း (၃၅၃၀) နှစ်အတွင်းမှာ (၂၈၆) နှစ်ဘဲလူတွေက ငြိမ်းချမ်းရေးအနှစ်သာရကိုခံစားခဲ့ရပါတယ်။ ဒါထက်ပိုပြီးပြောရရင်ငြိမ်းချမ်းရေးသဘောတူညီချက်(၈၀၀၀)လုပ်ခဲ့ကြတယ်။အားလုံးဘဲပျက်သုဉ်းခဲ့ရပါတယ်။" Today in the World, June 1988. ကမ္ဘာလုံးဆိုင်ရာအဆင့်မှာ ငြိမ်းချမ်းမှု မရှိတာဟာ မိသားစုအတွင်း၊ ယဉ်ကျေးမှုနယ်ပယ်အတွင်းနဲ့လူတစ်ဦးချင်းစီမှာလည်း ကင်းမဲ့နေတာကိုတွေ့ရပါတယ်။ လင်မယားကွာရှင်းမှုနှုန်း၊ စော်ကားရှုတ်ချမှု၊ ဆင်းရဲတွင်းနက်ခြင်း၊ ပြစ်မှု၊ စိတ်ကျရောဂါ၊ မိမိကိုယ်ကိုသတ်သေမှု၊ ဒါတွေဟာ အံ့မခန်းကြောက်လန့်ရအောင်အောင်မြင့်မားနေပါပြီ။ အဲဒီတော့ ကျွန်တော်/မတို့တတွေ ဘယ်မှာငြိမ်းအေးမှုကိုရှာကြမှာလဲ။

အဘိဓါန်ထဲမှာတော့ “ငြိမ်သက်ခြင်း” ဟူသည်မှာ “အနှောင့်အယှက်နှင့်ကင်းခြင်း၊” “တိတ်ဆိတ်ခြင်းနဲ့ငြိမ်းအေးခြင်း” ရှိခြင်းလို့ဆိုပါတယ်။ ဒါတွေကိုဂါလိလဲပင်လယ်အိုင်မှာရှိခဲ့ကြတဲ့ ယေရှုရဲ့တပည့်တော်တွေလဲရှာခဲ့ကြပါတယ်။ အဲဒီလိုမငြိမ်မသက်၊ လေပြင်းမုန်တိုင်းနဲ့တူတဲ့ လောကဓံတရားတွေကို သူတို့ကိုယ်တိုင်ဖြေရှင်းနိုင်မယ်လို့ထင်မှတ်ခဲ့ကြပါတယ်။ သူတို့တတွေဟာအတွေ့အကြုံရင့်သီးတဲ့ တံငါသည်တွေပါ။ လှော်တက်တွေကိုစွဲမြဲစွာဆုပ်ကိုင်ပြီး သန်မာသူတွေပီပီ-လှိုင်း၊ လှေဒဏ်ကိုဆန်ကာ ကြိုးစားလှော်ခတ်ခဲ့ကြတယ်။ မျှော်လင့်ချက်ကင်းမဲ့တဲ့အထိပေါ့။ မိမိတို့ကိုယ်ကိုကယ်တင်ဖို့လုပ်ရင်း သူတို့တတွေဟာ ယေရှုသခင်ကိုမေ့ထားကြတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးကမှောင်နေတယ်။ ရေတွေလည်း လှေထဲမှာပြည့်နေပြီ။ မကြာခင်လှေတစ်စီးလုံးရေထဲမြုပ်သွားတော့မှာလေ။ အားလုံးအသက်ပျောက်သွားကြတော့မှာ။ နောက်ဆုံးတော့သူတို့တတွေ ယေရှုသခင်ကိုသတိရတယ်။ သခင်ကနှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်နေတယ်။ သူတို့သေမှာကိုသခင်က ဂရုမစိုက် ဘူးလား။ အကူအညီမဲ့နေတော့လည်း တပည့်တော်တွေကအော်ဟစ်ပြီး “သခင်၊ ကျွန်ုပ်တို့ကိုကယ်ပါအုံး။ ကျွန်ုပ်တို့ပျက်စီးရပါတော့မယ်”(မဿဲ ၈း၂၅)။ အဲဒီတော့၊ တခဏအတွင်းမှာဘဲ သခင်ကထပြီး လက်ကိုမြှောက်ကာ လေနှင့်ပင်လယ် ကိုအမိန့်ပေးလိုက်တယ်။ “တိတ်ဆိတ်စွာနေလော့” (မာကု ၄း၃၉)

## <u>ယေရှုသည် ငြိမ်သက်ခြင်းကိုယူဆောင်လာ</u>

“ငြိမ်သက်ခြင်းအရှင်” (ဟေရှာယ ၉း၆) ယေရှုသခင်သည် ကျွန်ုပ်တို့ထဲသို့ ငြိမ်သက်ခြင်းကို ယူဆောင်လာပါပြီ။ ကိုယ်တော်ယူဆောင်လာသော ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့သည် ငြင်းပယ်ကာအလွဲယူတတ်ကြ၏။ ယေရှုသခင်လက်ထက်က - လူတွေနဲ့သိပ်ကိုတူနေပါတယ်။ ဂျူးလူမျိုးတွေကလည်း ရာစုနှစ်တော်တော်ကြာကြာဘဲ။ မေရှိယဟာသူတို့ရဲ့နိုင်ငံကိုပြန်လည်ချမ်းသာစေမယ်၊ ဂုဏ်သတင်းမွှေးပျံ့စေမယ်လို့မျှော်လင့်ခဲ့ကြပါတယ်။ ဒါဝိဒ်မင်းကြီးနဲ့ရှောလမွန်မင်းကြီးအချိန်ကစပြီးတော့ပေါ့။ယေရုရှင်လင်မြို့တော်ကြီးပျက်စီးခဲ့လို့ ဒုတိယအကြိမ်ပြန်ဆောက်တဲ့ ဗိမ္မာန်တော်ကြီးဟာ ရှောလမုန်ဗိမ္မာန်လောက်မလှပေမဲ့ ပရောဖက်ဟဂ္ဂဲအချိန်အထိ ဂျူးလူမျိုးတွေက “နောက်တည်သောအိမ်တော်သည် အရင်အိမ်တော်ထက် ဘုန်းသာ၍ကြီးလိမ့်မည်။” “ဤအရပ်၌လည်း ငြိမ်သက်ခြင်းကိုငါပေးမည်” (ဟဂ္ဂဲ ၂း၉) ဆိုတဲ့ ထာဝရဘုရားနဲ့ကတိတော်ကိုစွဲစွဲမြဲမြဲဆုပ်ကိုင်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ “ငြိမ်သက်ခြင်းအရှင်” ကြွလာတဲ့အခါမှာ ထိုသခင်ကိုသူတို့တတွေက အသိအမှတ်မပြုခဲ့ကြဘူး။ ဘာကြောင့်လဲဆိုတော့ ထိုသခင်ပေးတဲ့ သတင်းစကားဟာ သူတို့မျှော်လင့် သလို မဟုတ်လို့ဘဲ။ နိုင်ငံတော်ရဲ့ရန်သူတွေကိုအနိုင်ယူဘို့စကားပြောမဲ့အစား ယေရှုသခင်က “သင်တို့ ၏ရန်သူများကိုချစ်ပါ။ ကိုယ့်ကိုညှင်းဆဲဒုက္ခပေးတဲ့သူတွေအတွက် ဆုတောင်းပေးကြပါ ” (မဿဲ ၅း၄၄) လို့ဒေသနာတော်ပေးတာကြောင့် ပါဘဲ။

ကြီးမြတ်ဖို့တွန်းအားပေးရမဲ့အစား ယေရှုသခင်က “အရင်အဦးဖြစ်လိုသူမည်သည်ကား နောက်ဆုံးဖြစ်ရမည်။ အလုံးစုံတို့၏ အစေခံလည်းဖြစ်ရမည် ” (မာကု ၉း၃၅) လို့မိန့်တော်မူခဲ့ပါတယ်။

ချမ်းသာကြွယ်ဝလိုသူတို့ကိုယေရှုသခင်ကအကြံပြုပုံမှာ ၊ “သင်တို့ဥစ္စာများကို ရောင်း၍ဆင်းရဲသားတို့အားစွန့်ကြဲကြလော့။ မဆွေးမဟောင်း တတ်သောအိတ်တို့ကို ကိုယ်သုံးဘို့လုပ်ကြလော့။ သူခိုးမရောက်၊ ပိုးများမဖျက်ဆီးရာအရပ်၊ ကောင်းကင်ဘုံ၌မကုန်မဆုံးနိုင်သော ဘဏ္ဍာကိုဆည်းဖူး ကြလော့။” လုကာ ၁၂း၃၃။

ဤကမ္ဘာလောကကြီးသည် လူသားတို့အား <u>မမှန်သောငြိမ်သက်ခြင်းနှင့်မှားသောမျှော်လင့်ခြင်း</u> ကိုပေးနေသည်ကို ယေရှုသခင်သိပါ၏။ ထိုအရာတို့သည် ပစ္စည်းဥစ္စာ (သို့) အခြေအနေများနှင့် မိမိ (သို့) အခြားသူများဖြစ်သောလူမျိုးအပေါ် အခြေခံတည်ဆောက်ထားပါသည်။ ဤလောကကြီးသည် “ငြိမ်သက်ခြင်းနှင့်လုံခြုံမှု” ကိုပေးမည်ဟုကတိပေးနေပါသော်လည်း၊ “ရုတ်တရက်ပျက်စီးခြင်း” သာဖြစ်မည်ကို ယေရှုသိပါ၏။ (၁ သက်သာ ၅း၃)

ယေရှုသခင်သည်မိမိနောက်တော်လိုက်တို့အားဘယ်သောအခါမျှ အခက်အခဲမကြုံစေရဟုကတိမပေးခဲ့ပါ။သူတို့နှင့်အတူရှိမည်ဟုသာကတိပြုခဲ့ပါသည်။ “အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။”
(ယောဟန် ၁၄း၂၇)

“ငြိမ်သက်ခြင်းရှိကြလော့” ဟူသောစကားကို ယေရှု နှုတ်တော်မှအမြဲထွက်ပါ၏။ ထိုနှုတ်တော်နှင့်လေပြင်းမုန်တိုင်းကို ရပ်စေ၏။ ရောဂါသည်များကို ပကတိကျန်းမာစေ၏။ အပြစ်များကိုလည်းဖြေလွှတ်၏။ နတ်ဆိုးများကိုမောင်းထုတ်၏။ အကူအညီလာတောင်းသူများကိုလည်း “ငြိမ်သက်စွာသွားလော့” ဟုမိန့်တော်မူခဲ့ပါသည်။

ထာဝရဘုရား၏သမ္မာကျမ်းစာထဲမှာ ကတိတော်ပေါင်း (၄၀၀) မကရှိပါ၏။ ကောင်းကြီးပေးခြင်း၊ ငြိမ်သက်ခြင်းရှိကြပါစေသောဟူသောနှုတ်ခွန်းဆက်စကားများရှိပါသည်။ဆာလံဆရာကလည်းဤသို့ပြောပါသည်။“ ထာဝရဘုရားသည် မိမိလူစုကို ခိုင်ခံ့စေတော်မူမည် ထာဝရဘုရားသည် မိမိလူစုအားငြိမ်သက်ခြင်း၊ ကောင်းကြီးမင်္ဂလာကို ပေးတော်မူမည်။” ဆာလံ ၂၉း၁၁။သို့တိုင်အောင်လည်း ကျွန်ုပ်တို့သည် တခါတရံမှာ ဘာကြောင့် ထာဝရဘုရားသခင်က- ပေးဘို့ရန်စေတနာရှိလှသော ထိုငြိမ်သက် ခြင်းကို ကျွန်ုပ်တို့မခံစားကြရပါသလဲ။ လောကမုန်တိုင်းကိုပြင်းထန်စွာခံနေရစဉ်မို့ထိုသခင်ဘုရားကိုမမြင်နိုင်ကြပြီလော။သခင့်ကိုအားကိုးခိုလှုံမှုမရှိသောကြောင့်ပေလော။

"များစွာသော နာမည်ခံရစ်ယာန်တို့သည် စိုးရိမ်ပူပန်ခြင်း၊ သောကများခြင်းတို့ဖြစ်ရသည်မှာ ထိုသူတို့သည် ထာဝရဘုရားကိုအားကိုးဖို့ ကြောက်နေသောကြောင့်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ထံ မိမိကိုယ်ကိုလုံးလုံး-လျှားလျှားမအပ်နှံကြသေးပါ။ ထိုသို့လုံးဝဥဿုံအပ်နှံထားလိုက်ပါက ဆက်နွယ်ရရှိမည့်အကျိုးဆက်များလွတ်သွားမည်ကိုစိုးရိမ်ကြပါသည်။ သို့သော်လည်း မိမိတို့မအပ်နှံနိုင်သေးသမျှ ငြိမ်းအေးမှုအနှစ်သာရကို သူတို့ကတွေ့-တွေ့ရှိနိုင်ကြမည်မဟုတ်ပါ။" MH, pp.480,481

အကယ်၍သာကျွန်ုပ်တို့သည် ယေရှု၏တပည့်တော်များကဲ့သို့ မိမိခွန်အားကိုအားကိုး၍ ငြိမ်းအေးမှုကိုရယူခြင်းသည် အချည်းနှီးသာဖြစ်၏- ဟူသောအချက်ကိုသတိရမည်ဆိုပါကကျွန်ုပ်တို့သည်ဝမ်းမြောက်စွာနှင့်ခရစ်တော်သခင်ထံအကူအညီရယူကာ-လုံးဝဥဿုံမိမိကိုယ်ကိုအပ်နှင်းကြပါလိမ့်မည်။ ကိုယ်တော်ရှင်၏ငြိမ်သက်ခြင်းချမ်းသာကိုလည်းမင်္ဂလာအဖြစ်ရရှိကြပါလိမ့်မည်။

## ထာဝရဘုရားကိုချီးမွမ်းသောလူတစ်စု

တချိန်ကအနှစ်(၄၀)လုံးလုံးခြေမသန်မစွမ်းသူတစ်ဦးရှိခဲ့ပါသည်။ ထိုသူသည် ဗိမ္မာန်တော်တံခါးနားမှာထိုင်တောင်းနေ၏။ ပေတရုနှင့်ယောဟန်တို့သည် ဆုတောင်းခြင်းအမှုကိုပြုလိုသဖြင့် (ဗိမ္မာန်တော်သို့လာ)၏။ သူတို့သည်ထိုသူဖုန်းစားကိုမြင်သောအခါ သူတောင်းသည်အတိုင်းပိုက်ဆံမပေးဘဲ၊ ထိုထက်-ကောင်းမြတ်သော ၊ မစဉ်းစားမိသောလက်ဆောင်တစ်ခုကိုပေးလိုက်ပါသည်။ (ဇဖက် ၃း၂၀)

ပေတရုသည် ထိုခြေသေနေသူ၏ညာလက်ကိုဆုတ်လျက်ပြောသည်ကာ "ပေတရုကလည်း၊ ငါ၌ရွှေငွေမရှိ၊ ရှိသည်အရာကို သင့်အားပေးမည်။နာဇရက်မြို့သား ယေရှုခရစ် ၏နာမတော်အားဖြင့် ထ၍လှမ်းသွားလော့ဟုဆိုလျက်၊ သူ၏လက်ျာလက်ကိုကိုင်ဆွဲချီကြွလေသောခဏချင်းတွင်၊ ခြေနှစ် ဘက်ဖမျက်စိတို့သည် စွမ်းအားကိုရသဖြင့်၊ ၈ရုတ်တရက်ထ၍မတ်တပ်ရပ်ပြီးလျှင် လှမ်းသွားလေ၏။ သွားလျက်၊ ခုန်လျက် ဘုရားသခင်ကိုချီးမွမ်းလျက်၊ တမန်တော်တို့နှင့်အတူ ဗိမာန်တော်သို့ဝင်လေ၏။" (တမန်တော် ၃း၆၊ ၇၊ ၈)

ကျွန်ုပ်တို့သည်ထိုခြေသေသူကဲ့သို့တစ်ဦးတည်းလမ်းမလျှောက်နိုင်ပါ။ ကျွန်ုပ်တို့၏အသက်တာမှာ ယေရှုသခင်မှရရှိသောပျော်ရွှင်ဝမ်းမြောက်မှုနှင့်ငြိမ်သက်ခြင်းကိုရရှိပြီဖြစ်ကြောင်းအသက်တာဖြင့်သက်သေပြသွားရပါမည်။ ခရစ်တော်၌တည်မြဲသောတင်းတိမ်ရောင့်ရဲခြင်းရှိရပါမည်။ မိမိ၏အသက်တာကို လုံးဝဥဿုံထာဝရဘုရားသခင်၏ လက်တော်တွင်းသို့ အပ်နှံရပါမည်။ အသက်တာ မှာလိုအပ်သည်များကို ထာဝရဘုရားသခင်သာလျှင် စီမံပေးမည်ကိုလည်း ယုံကြည်ရပါမည်။ အမှန်အားဖြင့် ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်မှုသည် ကျွန်ုပ်တို့၏ အတွင်း စိတ်မှ တောင့်တမျှော်လင့်သောအရာဖြစ်၍ မိမိ၏ပြင်ပအသက်တာမှာ ဝမ်းမြောက်၍ထာဝရဘုရားကိုသီချင်းဆိုချီးမွမ်းပါလိမ့်မည်။ ထိုဘုရားသခင်သည်ကျွန်ုပ်တို့အတွက်ကြီးမားသောအရာများကို စီမံလုပ်ဆောင်ပေးသလို၊ မိမိ၏လူမျိုးအတွက်သာ၍ ကြီးမားသောအလုပ်ကို ပို၍လုပ်ဆောင်ပေးပါလိမ့်မည်။ ဆာလံ ၁၂၆း၃ " ထာဝရ ဘုရားသည် ငါတို့အဘို့ကြီးသောအမှုကိုပြုတော်မူပြီ။ ငါတို့သည်လည်း ဝမ်းမြောက်လျက်ရှိနေကြ၏။"

## တုံ့ပြန်ရန်နှင့်တစ်ပါးသူတို့အားဝေငှရန်မေးခွန်းများ

၁။ ပစ္စည်းဥစ္စာနှင့်လူသားတို့သည် ကျွန်ုပ်တို့အား တာရှည်သော ပျော်ရွှင်မှုကိုအဘယ်ကြောင့်မပေးနိုင်ပါသလဲ။

၂။ ယေရှုသခင်က ကျွန်ုပ်တို့အား ပေးချင်လွန်းလှသော ငြိမ်သက်ခြင်း၊ ချမ်းသာခြင်းကို ကျွန်ုပ်တို့သည် တစ်ခါတစ်ရံမှာဘာကြောင့်မခံစားကြရပါသလဲ။

############################

**တနင်္လာနေ့**

# ထာဝရဘုရား၏ ကတိတော်များ၌ စိတ်ချမှုရှိသော လူတစ်စု

By Miguel Luna

လူသားတစ်နွယ်လုံးအတွက်ဖန်ရှင်းရှင်နှင့် ကယ်တင်ရှင်ထံမှအကောင်းဆုံးသော ကတိတော်များရှိပါသည်။ ထာဝရဘုရား၏လူ၊ မျှော်လင့်ခြင်းရှိသူလူတစ်စုအနေဖြင့် ကျွန်ုပ်တို့အားဖေါ်ပြထားသောဘုရားကတိတော်များကို အားကိုးပါသည်။ထာဝရဘုရား၏ကတိတော်များကို ယုံကြည်အားကိုးနိုင်သော အကြောင်းရင်းများကို လေ့လာကြပါစို့။

ထာဝရဘုရား၏ကတိတော်ကိုပြည့်စုံစေသောဥပမာတစ်ခုကို အာဗြဟံ၏အသက်တာ၌တွေ့ရပါသည်။ လူမျိုးကြီးတစ်မျိုးဖြစ်ရန် ထာဝရဘုရားသည် အာဗြဟံကို ဖိတ်ခေါ်ခဲ့ပါသည်။ ထိုအချိန်၌ သူ့မှာ အမွေခံသားတစ်ယောက်မျှ မရှိသေး။ သူ၏ကျွန်ဧလျာဇာအားဖြင့်သာလျှင် အမျိုးတည်မည်ဟူ၍သူတွေးမိနေရပြီ။ သို့သော် ထာဝရဘုရားက သူ့အား "ဤသူသည်သင်၏ အမွေခံမဖြစ်ရ။သင်၏ကိုယ်ထဲက ထွက်သောသူသည် သင်၏အမွေခံဖြစ်လိမ့်မည်" ဟုပြောခဲ့ပါသည်။ ထို့နောက် ဘုရားသခင်သည် သူ့အားတဲပြင်သို့ခေါ်ထုတ်ပြီး ကောင်းကင်သို့မော်ကြည့် စေ၍ကြယ်များကိုရေတွက်ပါ ။ထိုကြယ်များကဲ့သို့ သင်၏သားစဉ်မြေးဆက်ဖြစ်စေမည်ဟု မိန့်တော်မူခဲ့၏။ ဤတွင် "အာဗြံသည်ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍၊သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။" (ကမ္ဘာ ၁၅း၄-၆)

ထာဝရဘုရားသည် အာဗြဟံအသက်(၉၉)နှစ်ရှိသောအခါ တတိယအကြိမ် သူ့အား ကိုယ်ထင်ပြ၍ သူတို့၌သားငယ်တစ်ယောက်ထွန်းကားမည်ဖြစ်ကြောင်း ကတိတော်ပေးခဲ့၏။ "ငါ၏ပဋိညာဉ်ကို သင်နှင့် ငါပြုမည်။ သင့်ကိုငါအလွန်များပြားစေမည်ဟု မိန့်တော်မူ၏။"(ကမ္ဘာ ၁၇း၂)။ ဤတွေ့ဆုံမှုတွင် ထာဝရဘုရားက သူ့အားလူမျိုးကြီးဖြစ်စေမည်ဟု အာမခံပေးခဲ့၏။ ထိုလူမျိုးဆက်သည်လည်း ခါနာန်ပြည်ကို ထာဝစဉ်ပိုင်ရလိမ့်မည်ဟု ကတိပေးခဲ့ပါသည်။ (ကမ္ဘာ ၁၇း၆-၈)။ ထိုသို့ကတိပေးပြီးသည်နောက် (၂၅)နှစ်အကြာတွင် သူတို့၏မျှော်လင့်ခြင်း ပြည့်စုံခဲ့သည်။ "ထာဝရဘုရားသည်၊ အမိန့်တော်ရှိသည်အတိုင်း၊ စာရာကို အကြည့်အရှုကြွတော်မူ၍၊ ဂတိတော်ရှိသည်နှင့် လျော်စွာ သူ၌ပြုတော်မူ၏။" (ကမ္ဘာ ၂၁း၁)။

အာဗြဟံ၏မျိုးနွယ်များသည် နှစ်ပေါင်း(၄၀၀)ကျော် ဖိနှိပ်ခံရပြီးနောက် သူတို့အနာဂတ်ပိုင်ဆိုင်မှုအတွက် ခါနာန်ပြည်သို့ဝင်စားရမည်ကို ထာဝရဘုရား ကတိတော်ပေးခဲ့သည်။ "ထာဝရဘုရားကလည်း၊သင်၏အမျိုးအနွယ်သည်၊ သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့်၊ သူတပါးတို့၌ ကျွန်ခံခြင်းနှိပ်စက်ခြင်း ညှဉ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံးခံရကြလိမ့်မည်ကို အမှန်သိမှတ်လော့။" ဟုဆိုခဲ့၏။(ကမ္ဘာ ၁၅း၁၃)။ ကတိတော် ပြည့်စုံခဲ့ပါသည်။ ထွက်မြောက်ရာကျမ်း၌ မောရှေ မှတ်တမ်းတင်ခဲ့သည့်အချိန်မှာ ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှာ နှစ်ပေါင်း(၄၃၀)နေခဲ့ပြီးဖြစ်သည်။

ကတိတော်ပြည်မှာရှိနေစဉ် ယောရှုက ဤသို့ကြေညာခဲ့ပါသည်။ "သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့အဘို့မိန့်တော်မူသော ကောင်းကျိုးတစုံတပါးမျှ မယုတ်မလျော့၊ အကုန်အစင် ပြည့်စုံကြောင်းကို သင်တို့သည် စိတ်နှလုံးထဲမှာ သိကြ၏။" (ယောရှု ၂၃း၁၄)။ ထိုထက်ပို၍စိတ်ဝင်စားစရာကောင်းသည်ကား၊ ဘုရားသခင်နှင့်ထားသော ပဋိညာဉ်ကတိပျက်ခဲ့သော် ဘာဖြစ်မည်ဟူသောအချက်ပင်ဖြစ်ပါ၏။ (ယောရှု ၂၃း၁၅-၁၆)။

ဣသရေလလူတို့သည်နားမထောင်သောကြောင့် ပဋိညာဉ်သစ္စာ၏အကျိန်ကို ခံရသဖြင့် ဗာဗုလုံပြည်သို့ အကျဉ်းသားအဖြစ်လိုက်ပါခဲ့ကြရသည်။ ပရောဖက်ယေရမိ၏အဆိုအရ၊ ဣသရေလလူတို့သည် ဗာဗုလုံမှာ နှစ်ပေါင်း(၇၀)နေခဲ့ရ၏။ သူ၏ပေးပို့စာတစ်စောင်အရ "တဖန် မိန့်တော်မူသည်ကား၊ ဗာဗုလုန်မြို့၌ အနှစ်ခုနစ်ဆယ်စေ့သောအခါ၊သင်တို့ကိုငါအကြည့်အရှုကြွလာမည်။ ငါထားသော ဂတိကောင်းကို တည်စေ၍၊ သင်တို့ကို ဤပြည်သို့ပို့ဆောင်ဦးမည်။ တဖန် မိန့်တော်မူသည် ကား၊ ငါသည် သင်တို့ကို အကျိုးနည်းစေခြင်းငှါ၊ ကြံစည်သောအကြံမဟုတ်ဘဲ၊ သင်တို့သည် မြော်လင့်သောအကျိုးကို ရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှါသာ၊ သင်တို့အဘို့ ကြံစည်သောအကြံတို့ကို ငါသိ၏။" (ယေရမိ ၂၉း၁၀-၁၁)။ ထို အနှစ်(၇၀)လွန်ပြီးသော် ပါရှားဘုရင်ကုရုမင်းကြီးက ယေရုရှလင်မြို့ - မြို့ရိုးနှင့်ဗိမ္မာန်ကိုပြန်လည်ပြုပြင်ရန် ယုဒလူတို့အား အမိန့်ထုတ်ပြန်ပေးခဲ့ပါသည်။"ယေရမိဆင့်ဆိုသော ထာဝရဘုရား၏အမိန့်တော်သည် ပြည့်စုံရ၏။" (၆ ရာ ၃၆း၂၂-၂၃)။

## သေချာပေါက်ကတိတော်များ

နှုတ်ကပတ်တော် ထဲမှအထင်ရှားဆုံးကတိတော်များတွင်တစ်ခုမှာ မေရှိယတဖန်ကြွဆင်းလါခြင်းအကြောင်းဖြစ်သည်။နှစ်ခြင်းဆရာယောဟန်၏တပည့်များသည် ယေရှုထံသို့လာ၍မေးသည်မှာ “ အခြားသောသူကိုမြော်လင့်ရပါမည်လော။ ယေရှုကလည်း၊ သင်တို့သည် ကြားရသမျှ မြင်ရသမျှတို့ကိုသွား၍ယောဟန်အား ကြားလျှောက်ကြလော့။ မျက်စိကန်းသောသူတို့သည် မျက်စိမြင်ရကြ၏။ခြေမစွမ်းသောသူတို့သည် လှမ်းသွား ရကြ၏။ နူနာစွဲသောသူတို့သည် သန့်ရှင်းခြင်းသို့ရောက်ရကြ၏။ နားပင်းသောသူ တို့သည် နားကြားရကြ၏။ သေသောသူတို့သည် ထမြောက်ခြင်းသို့ ရောက်ရကြ၏။ ဆင်းရဲသားတို့သည်လည်း ဝမ်းမြောက်စရာသိတင်းကို ကြားရကြ၏။" (မဿဲ၁၁း၃-၅)။ **ယေရှု**သည်ဆရာယောဟန်၏သာသနာတော်နှင့်ပတ်သက်၍၊ **ဤသို့မှတ်ချက်ပေးခဲ့ပါသည်။** “ ဗတ္တိဇံဆရာယောဟန်လက်ထက်မှစ၍ယခုတိုင်အောင်ကောင်းကင်နိုင်ငံတော်ကိုအနိုင်အထက်ပြုကြ၏။ အနိုင်အထက် ပြုသောသူတို့သည်လည်း လုယူဝင်စားရကြ၏။ယောဟန်မရောက်မှီ တိုင်အောင် ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်း ရှိသမျှတို့သည် ဆုံးမသြဝါဒ ပေးကြ၏။” (မဿဲ၁၁း၁၂-၁၃)။ ယေရှုကယောဟန်သည်ကတိတော်ထားရာမေရှိယ၏သာသနာတော်ရှေ့ပြေးတစ်ယောက် ဖြစ်ကြောင်းရည်ညွှန်းပြောဆိုခဲ့ပါသည်။ထပ်ဆင့်၍အခိုင်အမာပြောဆိုခဲ့သည်မှာ “ သင်တို့သည် ငါ့စကားကို နားခံနိုင်လျှင်၊ ဤသူကား လာလတ္တံ့သော ဧလိယဖြစ်သတည်း။” (မဿဲ၁၁း၁၄)။

ယေရှုသခင်၏အနက်ဖေါ်ပြချက်အရ၊ နှစ်ခြင်းဆရာယောဟန်သည် မာလခိကျမ်းကဖေါ်ပြသောကယ်တင်ပိုင်ရှင် မေရှိယ၏ **ရှေ့တော်ပြေးသိတင်းစကားကြွေးကြော်သူတစ်ဦးဖြစ်ပါသည်။** “ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရားကိုယုံကြည်ကြလော့ ဟူသော ဘုရားသခင်၏နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို (ယောဟန်သည်) ဟောတော်မူ၏။(မာကု ၁း၁၅ )။ **ယေရှုခရစ်တော်သည်ကောင်းကင်ဘုံ၏အချိန်ဇယားအတိုင်း ပေါ်ထွန်းတော်မူသောအခါ၊ အလွန်ထူးခြားသည့်ဘုရားကတိတော်သည်ပြည့်စုံလါရပေသည်။( ဒံယေလ ၉း၂၅-၂၇ ၊ ဂလါတိ ၄း၄ )။**

ယေရှုဟာ ဓမ္မဟောင်းကျမ်းထဲကကြိုတင်ဟောပြောခဲ့တဲ့အနာဂတ္တိစကားကိုပြည့်စုံစေတဲ့သူပါ။ “ဖိလိပ္ပုသည် နာသနေလကိုတွေ့လျှင်၊ မောရှေသည် ပညတ္တိကျမ်း၌၎င်း၊ ပရောဖက်တို့သည်သူတို့ကျမ်း၌၎င်း အကြောင်းပြု၍ ရေးထားသောသူ၊ နာဇရက်မြို့သားဖြစ်သော ယောသပ်၏သားယေရှုကိုငါတို့သည်တွေ့ကြပြီဟုဆို၏။" (ယောဟန် ၁း၄၅) ယေရှု**ဟာမောရှေကြိုပြောခဲ့တဲ့ပရောဖက်လည်းဖြစ်ပါတယ်။**“သင်တို့သည် မောရှေ၏စကားကို ယုံလျှင် ငါ့စကားကိုမယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေသည် ငါ့အကြောင်း ကို ရေး ထား၏။” (ယောဟန် ၅း၄၆) “ တဖန် မိန့်တော်မူသည်ကား၊ မောရှေ၏ပညတ္တိကျမ်းစာ၌၎င်း၊ ပရောဖက်တို့၏ကျမ်းစာ၌၎င်း၊ဆာလံ ကျမ်းစာ၌၎င်း၊ ငါ့ကို ရည်မှတ်၍ ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့်အတူ ရှိစဉ်အခါ သင်တို့အား ဟောပြောသော အကြောင်း အရာတို့ကား ဤအကြောင်းအရာပေတည်းဟု မိန့်တော်မူ၏။ ( လုကာ၂၄း၄၄)”။ **ယေရှုသခင်ပေါ်ထွန်းတော်မူခြင်းဟာ ဘုရားသခင်၏ကတိတော်ပြည့်စုံခြင်းပါဘဲ။**

## မျှော်လင့်ခြင်းနှင့်ကတိတော်များ

ယေရှုသခင် ကယ်တင်ရှင်၏အသက်တာနှင့်သာသနာတော်သည် ထာဝရဘုရား၏နိုင်ငံတော်ကို စတင်ပေးခဲ့ပါသည်။ **ကိုယ်တော်ရှင်သည် ကျေးဇူးတော်နိုင်ငံကို နိဒါန်းပျိုးပေးခဲ့ပြီး မကြာမီဘုန်းတော်ထွန်းတောက်သောနိုင်ငံတော်ကိုတည်ထောင်၍ မိမိ၏ကယ်တင်ခြင်းစီမံကိန်းကိုပြီးမြောက်စေမှာဖြစ်ပါသည်။ဂေသရှေမန်ဥယျာဉ်သို့သွားရာလမ်းမှာ ယေရှုရှင်ပြောခဲ့တဲ့စကားကို သတိရပါ။** “ထာဝရအသက် ဟူမူကား၊ မှန်သောဘုရားသခင်တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုင်၎င်း၊စေလွှတ်တော်မူသော ယေရှု ခရစ် ကို၎င်း သိကျွမ်းခြင်းတည်း။ (ယောဟန် ၁၇း၃)”။**ယခုအချိန်ဟာ ထာဝရအသက်ပါဘဲ။ဘာကြောင့်လဲဆိုတော့ကျတော်တို့ဟာဘုရားသခင်၏နိုင်ငံတော်တည်နေတဲ့အချိန်မှာနေထိုင်သက်ရှင်နေလို့ပါဘဲ။**

**ယေရှုသခင်ဟာ သူ့တပည့်တော်တွေနဲ့ ကျတော်တို့အားလုံးကိုကတိပေးခဲ့တာက** “ငါသည်သွား၍သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါသင်တို့ကိုငါ့ထံသို့ သိမ်းဆည်းမည်(ယောဟန် ၁၄း၃)”။ **အဲဒါကြောင့်** ယေရှုကို ယုံကြည်သူအားလုံးအတွက်ယေရှု **သခင်ရဲ့သတင်းစကားဟာ မျှော်လင့်ခြင်း သတင်းစကားဖြစ်ပါတယ်။**“ ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင် ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏။ ငါအမှန်အကန်ဆိုသည်ကား၊သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍၊ကြားသောအားဖြင့်အသက်ရှင်ရမည့်အချိန်ကာလသည် လာ၍ယခုပင် ရောက်လျက်ရှိ၏။ ” (ယောဟန် ၅း၂၄ ၊ ၂၅) ။

**ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍လည်းကြိုတင်ဟောထားချက်ရှိပါသည်။** “ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော် သောသူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား၊ ထာဝရအသက်ရှင်ခြင်းနှင့်ဗုဒ်၊ အချို့တို့ကား၊ ရှက်ကြောက်ခြင်း၊ ထာဝရ အသရေပျက်ခြင်းနှင့်ဗုဒ်၊ နိုးကြလိမ့်မည်။”( ဒံယေ လ ၁၂း၂ )။ **ဒီစကားလိုမျိုး ပရောဖက်ဟေရှာယကဒီလိုပြောခဲ့ပါတယ်။** “ကိုယ်တော်၏လူသေတို့သည် အသက်ရှင်ကြပါလိမ့်မည်။ ငါ၏အသေကောင်တို့သည်လည်း ထမြောက်ကြ ပါလိမ့်မည်။” (ဟေရှာယ ၂၆း၁၉ )။

**သင်တို့နှင့်ကျွန်ုပ်ဟာ အဲဒီ** “မင်္ဂလာရှိသောမြော်လင့်ရာကိုဗုဒ်၊ ကြီးမြတ်သောဘုရားသခင်တည်းဟူသော၊ ငါတို့ကို ကယ်တင် တော်မူသောအရှင်သခင်ယေရှုခရစ် ၏ ဘုန်းအသရေ တော် ထင်ရှားပေါ်ထွန်းခြင်းကိုဗုဒ်၊ မြော်လင့်လျက်**နေ**ကြပါတယ် ။ ။ ဒါ**ကြောင့်** ၊ ဘုရားမဲ့ တရားမဲ့ နေခြင်း၊ လောကီတပ်မက်ခြင်းကိုပယ်ရှားလျက်၊ ယခုဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့် ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေရ မည်အကြောင်း၊ ငါတို့ကို ဆုံးမသွန်သင်၍၊ လူ အ ပေါင်းတို့ကို ကယ်တင်တတ် သောဘုရားသခင်၏ကျေးဇူးတော် ” **ကိုအစဉ် ချီးမွမ်းကြပါစို့။** (တိတု ၂း၁၃)။ ယေရှု **သခင်ရဲ့ကတိတော်တွေကိုကျနော်တို့လုံးဝ (လုံးဝ ) ယုံ**ကြည် စိတ်ချထားလို့ ရ နိုင်ပါတယ်။

ထာဝရ ဘုရားသခင်သည် မိမိ**၏** အတိတ်က – ကတိတော်များကို စောင့်ထိန်း ခဲ့သလို အ ခုရော ၊ နောင်ကာလမှာရော ပေးကတိတော်များအတိုင်းပြည့်စုံစေမယ်ဆိုတာကို **အကြွင်းမဲ့ယုံကြည်စိတ်ချလိုက်ပါ မိတ်ဆွေ။** ။

**<u>တုန့်ပြန်အဖြေပေးရန်နှင့် သူတပါးကိုမျှဝေရန် မေးခွန်းများ</u>**

**၁။ သင့်အား မည်သည့်ကျမ်းစာကတိတော်ကပိုမို၍စွဲမြဲစေပါသလဲ။**
**၂။ မျှော်လင့်ခြင်းနှင့် ထာဝရဘုရား၏ကတိတော် မည်ကဲ့သို့ ဆက်နွယ်နေပါသလဲ။**

## ## ##

၂

**အင်္ဂါနေ့**

# သန့်ရှင်းသောဝိညာဉ်တော်ဖြင့် အားသစ်လောင်းခြင်း ခံရသောလူတစ်စု

ရေးသားသူ- Enton Carls Kohl

## (ကျွန်ုပ်တို့အချိန်မှာ အဲဒီလိုမျိုးဖြစ်နိုင်ပါမည်လား?)

ထာဝရဘုရားသည် ကျွန်ုပ်တို့အားသူ၏သက်သေခံများဖြစ်ဖို့ရန် ဖိတ်ခေါ် နေပါ၏။လောကကြီးကိုမျှော်လင့်ချက်ပေးရမည်။ လူသားတိုင်းကိုကိုယ်တော်ရှင်က ထာဝရမေတ္တာနှင့်ချစ်ကြောင်းပြောပြရုံမျှမက ၊ ပုံပမာကောင်းပြပေးရမည်။ မကြာမီကြွဆင်းမည့်ခရစ်တော်အကြောင်းကြွေးကြော်ရပါမည်။ ဒါဟာ ကျွန်ုပ်တို့ရဲ့ ဘုန်းတန်ခိုးနဲ့ထွန်းတောက်နေတဲ့ သာသနာလုပ်ဆောင်မှုကြီးပါဘဲ။ အင်မတန်ကြီးကျယ်တဲ့အလုပ်အကြောင်းကိုစဉ်းစားလိုက်တိုင်း၊ မဖြစ်နိုင်ပါဘူးဆိုတဲ့အတွေးကဝင်လာပါတော့တယ်။

ကမ္ဘာ့မြို့တော်ကြီးတွေကိုအဲဒီသတင်းကောင်းတွေကြွေးကြော်ဖို့ကျွန်ုပ်တို့မှာတာဝန်ရှိသလို စိန်ခေါ် ချက်ကြီးတစ်ရပ်လည်းဖြစ်ပါတယ်။ ဘရာစီးလ်ပြည်ရဲ့မြို့တော် Sao Paulo “စာပေါလို” မြို့မှာ လူဦးရေ (၁၈. ၈ သန်း) လောက်ရှိပါတယ်။ မြော်လင့်ခြင်းအသင်းသားတွေက (၆၈,၀၀၀)ဘဲရှိပါတယ်။ ဂျပန်ပြည်ရဲ့မြို့တော် တိုကျိုမှာတော့ (၃၅. ၆ သန်း) ရှိပြီး SDA ကတော့ (၂,၈၂၀) ဘဲရှိတယ်။ နယူးရော့မြို့တော် မှာ လူဦးရေ (၁၉ သန်း) ရှိပြီး SDA က (၃၇,၈၉၇) ယောက်ရှိပါတယ်။ မက္ကစီကို စီတီမှာ (၂၃. ၅ သန်း) ရှိပြီး ၂ SDA က( (၅၃,၀၉၃) ဘဲရှိပါ တယ်။ အိန္ဒိယပြည်-ဘုံဘေမြို့မှာ (၁၈. ၉) သန်းရှိပြီး SDAက (၁၀,၀၀၀) ဘဲရှိပါတယ်။ စသည့်ဖြင့်ပေါ့. . . . အဲဒါတွေကဧရာမစိန်ခေါ် ချက်ကြီးတွေပါ။ ကမ္ဘာတစ်ခုလုံးကိုခြုံကြည့်ရင် ပိုလို့တောင်ကွာဟပ်နေပါတယ်။ ကမ္ဘာ့လူဦးရေသန်းထောင် ပေါင်း (၆. ၈) ရှိတဲ့အထဲမှာ မြော်လင့်ခြင်းအသင်းသူ/သားများဟာ (၁၆) သန်းဘဲရှိပါတယ်။

မေးခွန်းက "ဒီလောက်များပြားလှတဲ့ လူတွေဆီလက်တစ်ဆုပ်စာ SDA တွေက ဘယ်လိုလုပ်ပြီး တတိယကောင်းကင်တမန်သတင်းကောင်းကိုပြောပြနိုင်မှာလဲ။ လူသားတွေအနေနဲ့မတတ်နိုင်တဲ့အရာမှာ ထာဝရဘုရားက တတ်နိုင်တော်မူပါတယ်။ ဒီအလုပ်ကို ကိုယ့်လက်ထဲမှာဘဲထားပြီး လုပ်ရင်တော့ ဒီအလုပ်ကိုပြီးမြောက်အောင်လုပ်ဖို့ လုံးဝမလွယ်ကူပါဘူး။ ဒါပေမဲ့လုပ်ရမှာဘဲ။ ဖိတ်ခေါ်ခံနေရ ပြီကိုး။ အဲဒီလိုဆိုရင် ဘယ်လိုလုပ်မှာလဲ။ ရှေးဦးခရစ်ယာန်များဘယ်လိုလုပ်ကိုင်ခဲ့လဲဆိုတာကို နမူနာယူကြရအောင်ပါ။

ပထမပိုင်းမှာတော့ အသင်းတော်ဟာ ငယ်ငယ်လေးပါ။ တပည့်တော် (၁၂) ပါးကဘဲဦးဆောင်ခဲ့ပါတယ်။ အဲဒီအချိန်မှာသူတို့ရဲ့ စိတ်ခေါ်ချက်က ကမ္ဘာ့လူဦးရေ သန်း (၂၀၀) ဆီသတင်းစကားရောက်ဖို့ပါဘဲ။ နှစ် (၅၀) အတွင်းမှာ ကမ္ဘာတစ်ခုလုံးဟာ ခရစ်ယာန်သာသနာအကြောင်းကိုသိသွားခဲ့ကြပါတယ်။ ရောမအင်ပါယာကြီးကလည်း သူတို့ကိုအမှုမဲ့အမှတ်မဲ့မထားနိုင်တော့ပါဘူး။

## <u>အောင်မြင်ခြင်း၏လျှို့ဝှက်ချက်</u>

သူတို့ရဲ့အောင်မြင်ခြင်းလျှို့ဝှက်ချက်ကို (တမန်တော် ၁း၈) မှာတွေ့ရပါတယ်။ " ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင် မြို့မှစသော ယု'ပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" ဩဇာမရှိသောအခြေအနေမျိုးမှာ ထာဝရဘုရားသခင်ဟာ သန့်ရှင်းသောဝိညာဉ်တော်ကပေးတဲ့ တန်ခိုးတော်အားဖြင့် မတတ်နိုင်တဲ့အရာဆိုတာ မရှိတော့ပါဘူး။ အကြောင်းကတော့ "မိမိအလိုဆန္ဒကိုဘေးချထားပြီး သန့်ရှင်းသောဝိညာဉ်တော်က အားသစ်လောင်းပေးမယ်ဆိုရင် မဖြစ်နိုင် ဘူးဆိုတာမရှိပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ဟာ စိတ်နှလုံးထဲဝင်ရောက် ချင်လို့ ကျွန်ုပ်တို့က လုံးဝဆက်ကပ်အပ်နှံထားလိုက်တယ်ဆိုရင် လူဟာ အကန့်အသတ်မရှိ- အသုံးဝင်လာတော့မှာပါ။ " MH p,p.159

သန့်ရှင်းသောဝိညာဉ်တော်ဟာ တိုးတက်နေတဲ့ အသင်းတော်မှာ ဗဟိုချက်ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုး သက်ရောက်ပြီဆိုရင် အသင်းသူ/သားတွေဟာ သက်သေခံခြင်းအမှုမှာ စိတ်ဝင်စားလာကြပါတယ်။ ဝိညာဉ်တော်ဘုရားကိုလေ့လာရုံသက်သက်မဟုတ်တော့ ပါဘူး။ ဓမ္မသစ်ကျမ်းခေတ်က တပည့်တော်တွေရဲ့အတွေ့အကြုံအရ၊ သန့်ရှင်းသောဝိညာဉ်တော်ဟာ ဩဝါဒမဟုတ်ပါဘူး။အတွေ့အကြုံတစ်ရပ်ဖြစ်ပါတယ်။သူတို့ဟောပြောတဲ့သတင်းစကားကို သန့်ရှင်းသောဝိညာဉ်တော်၌ယုံကြည်ဖို့ မဟုတ်ပါဘူး။ (ဝိညာဉ်တော်ဘုရားသည် သုံးပါးတစ်ဆူဂိုဏ်းဝင်ဖြစ်သည်)သူ့ကိုလက်ခံရယူဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့တတွေဟာ ထာဝရဘုရားသခင်၏နိုင်ငံတော်တည်ဖို့အတွက် မိုးတိမ်စီးပြီး တဖန်ကြွဆင်းလာမဲ့ ယေရှုခရစ်တော် အကြောင်းကို ကြွေးကြော်တရားဟောရင်း၊ တပည့်တော်ခေတ်ကကျဆင်းခဲ့တဲ့ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုလည်းရှာဖွေရ ရှိဖို့လိုအပ် ပါတယ် ။ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတံ့။" ( မဿဲ ၂၄း၁၄ )။ အရင်ကယေရှုရဲ့ တပည့်တော်တွေ အတွက်ပေး အပ်ထားတဲ့ အမှုတော်မြတ်ကြီးဟာ ပြီးမြောက်ဖို့ခက်ခဲသလို ကျွန်တော်တို့အတွက်လည်းခက်ခဲတာတော့အမှန်ပါ။ ဒါပေမဲ့အမှုတော်မြတ်ကြီးပြီးစီးသွားဖို့တူညီသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့အားသစ်ပြန်လောင်းဖို့လိုအပ်ပါတယ်။ အဲဒါကြောင့်မယိုင်မလဲ၊ အမြဲဘဲ-ထာဝရဘုရားမှာစွဲလန်းပါမယ်လို့ သံဓိဋ္ဌာန်ချရပါမယ်။ အယ်လင်ဂျီဝှိုက်အဆိုအရ "ထာဝရဘုရား၏လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ရရှိဖို့ အတွက် မိမိတို့ကို တားဆီး-ဒုက္ခပေးတဲ့ နှောင့်နှေး ကြန့်ကြာမှုမှန်သမျှတွေကို ရှင်းထုတ်ပစ်ကာ၊လမ်းခရီးကိုဖြောင့်ဖြူးစေတဲ့လုပ်ရပ်ကို စာတန်မာရ်ကအကြောက်ဆုံးပါဘဲ။" MYP,p.133

ဒီအခြေအနေမျိုးရောက်ဖို့ဆိုရင် ကျွန်တော်တို့တတွေဟာ မိမိတို့ရဲ့အပြစ်တွေကို ဖေါ်ပြဝန်ချတောင်းပန်ရပါမယ်။ အသင်းတော်သာသနာလုပ်ငန်းမှာလည်း တိုက်ရိုက်ပါဝင်လုပ်ဆောင်ရမယ်။ "အမှုတော်ဆောင်ရတာ ခက်ခဲပါတယ်ကွာ" ဆိုတဲ့ငြီးတွားမှုတွေမရှိရဘူး။ <u>ဧဝံဂေလိလုပ်ဆောင်ရာမှာ တစ်ယောက်နဲ့တစ်ယောက်မတူတာကိုလည်း အပြစ်မတင်ရဘူး။</u> သာသနာတော်ပျံ့ပွားရေးအတွက် ထွက်ပြီး အလုပ်လုပ်ကြပါစို့။

ယနေ့ကျွန်ုပ်တို့အချိန်မှာ သန့်ရှင်းသောဝိညာဉ်တော်နောက်မိုးသွန်းလောင်းမယ်ဆိုတာ သင်ယုံကြည်ပါရဲ့လား။ အဲဒါဟာ တကယ်ဘဲ ပြည့်စုံလာတော့မှာပါ။ ကျွန်ုပ်တို့ရဲ့ပတ်ဝန်းကျင်မှာလူမှုဆက်ဆံရေးနဲ့ စာရိတ္တညစ်ညမ်းလာလို့၊ ကြမ်းတမ်းခက်ထန်မှုတွေ ၊ ဘာသာရေး ရှုတ်ထွေးမှုပွေလီမှုတွေ၊ ပေါ်ပေါက်လာရင် နောက်မိုးရဲ့အသီးအပွင့်တွေဟာ ကျွန်ုပ်တို့အထဲမှာမြင်တွေ့ရဖို့ ယေရှုသခင် ဖေါ်ပြပေးပါလိမ့်မယ်။ ကမ္ဘာအဝှမ်းထောင်နဲ့ချီပြီးမြော်လင့်ခြင်းအသင်းသူ/သားများဟာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ အသုံးအဆောင်ကိုတန်ခိုးကြီးစွာ ခံနေကြရပါပြီ။ မြော်လင့်ခြင်းသာသနာတော်မှာပါဝင်ဆက်ကပ်လုပ်ဆောင်လိုတဲ့ တပည့်တော်တိုင်းမှာ ဒီတန်ခိုးတော်ကိုမြင်တွေ့နေရပါပြီ။

အဲဒီလိုဆိုရင် မဖြစ်နိုင်ဘူးဆိုတဲ့အရာဟာ အမှန်အကန်ဖြစ်လာပြီပေါ့။ ပင်တေကုတ္တေပွဲနေ့မှာ တပည့်တော် (၁၂၀)ဟာသန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကိုအော်တောင်းခဲ့ ကြပါတယ်။ ဝိညာဉ်တော်ကျရောက်တဲ့အခါ မှာ လူ (၃၀၀၀) ဟာ ယေရှုသခင်ကိုယုံကြည်လက်ခံခဲ့ပါတယ်။အဲဒီကနေမှတဆင့်ယုံကြည်သူအရေအတွက်ဟာများသည်ထက်များလာတာကိုတွေ့မြင်ခံစားကြပါတယ်။ "သခင်ဘုရား

၌ယုံကြည်သောယောက်ျား ၊ မိန်းမ၊ အပေါင်းတို့သည် သင်းဝင်ကြ၏။... ဘုရားသခင်၏ သာသနာတော်သည် တိုးပွား သဖြင့် ယေရှုရှလင်မြို့၌ တပည့်တော်တို့သည် အလွန်ပွားများ၍ ယဇ်ပုရောဟိတ် အပေါင်း တို့သည် ယုံကြည်ခြင်းတရားကို နား ထောင်ကြ၏။ ထိုအခါ ယုဒပြည်၊ ဂါလိလဲပြည်၊ ရှမာရိပြည် အရပ်ရပ်တို့တွင် အသင်းတော်တို့သည် ငြိမ်သက်၍ တည်ဆောက်ခြင်း ရှိ ကြ၏။ သခင် ဘုရားကို ကြောက်ရွံ့ခြင်း၌၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အဆုံးအမ၌၎င်း၊ မွေ့လျော်သောအားဖြင့် ပွားများကြ၏။ဘုရားသခင်၏သာသနာတော်သည် တိုးပွားများပြားလေ၏။ ”(တမန်တော် ၅း၁၄၊ ၆း၇၊ ၉း၃၁၊ ၁၂း၂၄) ယနေ့အသင်းတော်မှာလည်းသန့်ရှင်းသောဝိညာဉ်တော်ဘာတွေလုပ်ပေးနိုင်ပါသလဲ။

၁၉ ရာစုနှစ်၊ နာမည်ကြီးဧဝံဂေလိဆရာတော် မူးဒီ ကို တစ်ဦးတစ်ယောက်ကမေးခဲ့ပါတယ်။ “ဘာကြောင့်ဆရာကြီးက သန့်ရှင်းသောဝိညာဉ်တော်ကိုမပြတ်လိုအပ်ပါသလဲ” ဆိုတဲ့မေးခွန်းကိုမူးဒီက “ကျုပ်မှာစိမ့်ယိုပေါက်တစ်ပေါက်ရှိတယ်ဗျ” ဒါကလျှို့ဝှက်ချက်ဘဲ။ ကျွန်ုပ်တို့က ကိုယ့်ကိုယ်ကိုပိုပြီးပေးအပ်ကြပါမှာပါ။ အဲဒီလိုနဲ့ <u>ပေးလေရလေ</u> ဘဲဖြစ်တယ်။ ရရှိတာကလည်း ပေးလိုက်တာထက် အဆပေါင်းများစွာ တိုးပွားလာကို သင်တွေ့ရပါလိမ့်မယ်။

ဒါနဲ့ပတ်သက်ပြီးကောင်းတဲ့သာဓကတစ်ခုကတော့ ပင်တေကုတ္တေပွဲနေ့မှာ မီးလျှံအသွင်နဲ့ကျရောက်လာတဲ့ သန့်ရှင်းသောဝိညာဉ်တော်ဘဲဖြစ်ပါတယ်။ မီးလျှံဟာသန့်စင်ကြယ်စေတယ်။ ထိန်လင်းတောက်ပစေတယ်။ အပူပေးတယ်။ ပြီးတော့ကျယ်ပြန့်စေတဲ့သဘောရှိပါတယ်။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့ကို ဝိညာဉ်ရေးဆိုင်ရာတွေမှာ “လောင်ကျွမ်း” စေလိုပါတယ်။ အဲဒါဟာ အေးစက်နေတဲ့ ကမ္ဘာလောကကြီးအတွက် ထာဝရဘုရားရဲ့အဖြေပါ။ တစ်ဦးတစ်ယောက်က ဂျွန်ဝက်စလီကို သူ့ရဲ့ဧဝံဂေလိတရားဒေသနာကို လူအများလာရောက်နားထောင်ဖို့ ဘယ်လိုများဆွဲဆောင်နိုင်ပါသလဲ လို့မေးလာတော့ သူကတက်ဒိုးကြီးဘဲပြန်ဖြေလိုက်ပါတယ်။ “အကယ်၍များ တရားဟောဆရာဟာ မီးလောင်နေမယ်ဆိုရင် လူတွေက အဲဒီမီးပွားကိုလာကြည့်ကြမှာပေ့ါ” တဲ့။

## <u>မီးလျှံကျရောက်တဲ့အခါမှာ</u>

အသင်းတော်ရဲ့နှလုံးသားထဲကို သန့်ရှင်းသော ဝိညာဉ်တော်မီးလျှံဟာသက်ရောက်လာလိမ့်မယ်လို့ အယ်လင်ဂျီဝိုက် က တိကျသေချာ စွာပြောခဲ့ပါတယ်။ “ကျွန်ုပ်မြင်တွေ့ရတဲ့ ညဉ့်ရူပါရုံအရ၊ ထာဝရဘုရား၏လူတွေထဲမှာ ပြန်လည်နိုးကြားရေး လှုပ်ရှားမှုကြီးဖြစ်လာပါလိမ့်မယ်။ လူများစွာက ထာဝရဘုရားကိုချီးမွမ်းကြမယ်။ လူမမာတွေရောဂါပျောက်မယ်။ နိမိတ်လက္ခဏာတွေ လည်း ဖြစ်ပေါ်လာကြမယ်။ပင်တေကုတ္တေပွဲနေ့ကြီးမှာထင်ရှားခဲ့တဲ့ဝိညာဉ်တော်မျိုးကျရောက်ခံစားကြရမယ်။ထောင်ချီမိသားစုတွေလည်း ထာဝရဘုရား၏သမ္မာကျမ်းစာကို ဖတ်ရှု ကြားနာကြရလိမ့်မယ်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကြောင့် လူတွေဟာပြောင်းလဲလာကြပြီး ခရစ်တူအသက်တာမျိုးကို ပေါ်လွင်စေ ကြလိမ့်မယ်။ အိမ်တိုင်းသမ္မာတရားကြွေးကြော်သံကိုနားစွင့်ကြလိမ့်မယ်။ ကမ္ဘာမြေကြီးတစ်ခုလုံးဟာ ကောင်းကင်ဘုံအလင်းနဲ့ထွန်းတောက် နေကြလိမ့်မယ်။” Counsels on Health,p.580

အဲဒီစိန်ခေါ်ချက်ဟာကျွန်ုပ်တို့ရှေ့မှာ ရှိနေပါတယ်။ ကျွန်ုပ်တို့ဟာ အင်အားတန်ခိုးနဲ့မြော်လင့်ခြင်းကြွေးကြော်သံကိုလွှင့်ဖို့ အချိန်ရောက်လာပါပြီ။သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်စေမယ်ဆိုတဲ့ ကတိတော်နဲ့နောက်မိုးရဲ့ဖြစ်ရပ်မှန်တွေကကျွန်ုပ်တို့ တွေ့ကြုံခံစားနိုင်ဖို့ကျွန်ုပ်တို့ရဲ့ရွေးချယ်မှုအပေါ်မူတည်နေပါတယ်။ အလွတ်မခံကြပါနဲ့။ ထာဝရဘုရား၏နာမတော်ကို အားကိုးပြီးဝိညာဉ်တော်တန်ခိုးကိုစွဲကိုင်လျက်သာသနာခရီးကိုဆက်ကြပါစို့လားမိတ်ဆွေ။

## တုံ့ပြန်ရန်နှင့် တပါးသူတို့အားမျှဝေရန်မေးခွန်းများ

၁။ ယနေ့မှာပင် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝဖို့ရန် လွယ်ကူပါရဲ့လား။ သို့တည်းမဟုတ်- နောက်မိုးကို စောင့်မျှော်သင့်ပါသလား။

၂။ ဝိညာဉ်တော်အားဖြင့် ပြည့်ဝစေမယ် ဆိုတာ ဘာကိုဆိုလိုတာလဲ။ အဲဒီလိုပြည့်ဝနေရင် ကျွန်ုပ်တို့ရဲ့ အသက်တာဟာ ဘာနဲ့တူလာမှာလဲ။

၃။ အခုအချိန်မှာ အသင်းတော်ရဲ့အလိုအပ်ဆုံးအရာဟာ ဘာဖြစ်မယ်လို့သင်မြင်ပါသလဲ။

-------------------------------- ## ## ## --------------------------------

ဗုဒ္ဓဟူးနေ့

# သန့်ရှင်းပြီးကျေနပ်ဖွယ်ရာနှင့်ပြည့်စုံသောလူတစ်စု

By Chantal J. Klingbell.

/ (ကျွန်ုပ်တို့သည်ခရစ်တူရုပ်လုံးကိုပြန်လည်ဖေါ်ထုတ်ရန် ကြိုတင်လျာထားခြင်းခံရသူများဖြစ်သည်။)

ဧဒင်ဥယျာဉ်ကာလသို့ပြန်ကြည့်လျှင် အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခြင်းခံခဲ့ရပါသည်။ သူတို့သည် အဆင်းလှပ၍စိန်ပွင့်လင်းသကဲ့သို့ဖြစ်၏။ သူတို့ကို ရုပ်သေးအဖြစ်ရှိနေဖို့ ဖန်ဆင်းပေးခဲ့သည်မဟုတ်၊ လမ်းကြောင်းအသွယ်သွယ်ဖြင့် ဖွံ့ဖြိုးထွန်းတောက်စေဖို့ ဖန်တီးပေးခဲ့ပါသည်။ မြေကြီးကိုစောင့်ရှောက်ရသူများဖြစ်ကြသောကြောင့် သူတို့၏အံ့ဩဖွယ်ဟန်ချက်ညီသောကမ္ဘာလောကကို စူးစမ်းရန်မျှော်လင့်ခဲ့ကြ၏။ အာဒံနှင့်ဧဝတို့အချင်းချင်းဆက်ဆံရေးနှင့် ဘုရားနှင့်သူတို့၏ဆက်ဆံရေးတို့သည် ဆက်လက်ကျယ်ပြန့်လာခဲ့ပါသည်။

သို့သော် အပြစ်တရားသက်ရောက်ခဲ့ပြီ။ အာဒံနှင့်ဧဝတို့သည် အာကာသဟင်းလင်းပြင်ကြီးအမျှရှိသော မကောင်းမှုဒုစရိုက်အမှုကြီးတစ်ခုကိုရွေးလုပ်ခဲ့ကြ၏။ဖွံ့ဖြိုး-ကြီးထွားခြင်းမရှိ-အထက်သို့၄င်း၊ ဘေးသို့၄င်း အကျိုးမပေးနိုင်တော့သည့် အသီးတစ် ကိုက်စါအတွက်ကြောင့်  ယခု သူတို့သေဆုံးကြရတော့မည်(ကမ္ဘာ ၂း၁၇)။ သူတို့သည် သူတို့၌လွတ်လပ်စွာဖွံ့ဖြိုးရန်နှင့်သူတို့ အစွမ်းသူတို့ရှာ တွေ့ရစေရန်ကူညီနိုင်သည့် ဘုရားပညတ်တော်ကို ချိုးဖေါက်ခဲ့ကြပြီ။ ထိုအခါ သူတို့သည် မျှော်လင့်ခြင်းကင့်မဲ့သောအဆင့်၌ အတိုင်းမရှိကျရှုံးနေသည်ကို တွေ့လိုက်ကြရပါသည်။

ထိုအခါမှစ၍ အမှားတစ်ခုအတွက်နှင့် နောင်မွေးလါသည့်မျိုးဆက်တိုင်းသည် ဘုရားပုံသဏ္ဍာန်နှင့်အညီ သူတို့၌ သက်ရောက် နေ သောအတုမရှိစွမ်းအင်ကို ဘယ်သောအခါမျှ မရနိုင်ကြတော့ပါ။ ယခုလူတွေမှာ မျှော်လင့်ခြင်းမရှိ၊ရည်ရွယ်ချက် မရှိ၊ ချိန်ညှိမရသောဘဝ နှင့်ကျိုးအက်နေသော၌ကမ္ဘာထဲ၌ သက်တမ်းနှစ်အနည်းငယ်ဖြင့်သာ အသက်ရှင်နေထိုင်ရင်း ၊ ဘေးဒုက္ခကြုံနေရကြကုန်၏။ တစ်စုံ တစ်ယောက်ယောက်က တစ်ကြိမ်- တစ်ခါခါ၌ သူတို့အား ဘုရားပေးထားသောစွမ်းအင်ကို လျှပ်တစ်ပျက်ထုတ်သုံးပြနိုင်မည်ဖြစ်သော်လည်း အကြီးဆုံးဆုကျေးဇူးတော်များကိုကား သူတို့၌သေခြင်းမီး-မငြိမ်းမီအတွင်း ဖြစ်နိုင်ခြေအစကိုကိုင်မိရုံသက်သက်သာရှိပေလိမ့်မည်။ဘုရားမပါရှိကလူတွေလွတ်နေကြကုန်၏။စကြဝဠာကြီးကိုညီညွတ်စွာစုဝေးစေသောမေတ္တာပညတ်နှင့်ကင်းနေသောကြောင့် လူတွေလွတ်ထွက်နေရကုန်၏။ ဘုရားပေးထားသော အစွမ်းအစများကို သူတို့ရှာ တွေ့ရန်အရည်အသွေးသည် သူတို့၌ မရှိကြတော့ပါ။ ယခုအခါ သူတို့သည်အကျင့်ပျက်ကိုယ်ကျိုးရှာစိတ်နှင့်မိစ္ဆာစိတ်ရှုးပေါက်လျှက်အချုပ်အနှောင်ခံကြရပြီး၊ သူတို့၌ နောက်ဆုံး သေခြင်း သို့ရောက်ရလေ၏။

## ကယ်ဆယ်ရေး

သို့သော် “ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။” (ယော ၃း၁၆)တွင် ဆိုပါသည်။ ကျွန်ုပ်တို့၏မေတ္တာရှင်၊ ဖန်ရှင်းရှင်ဘုရားမြတ်သခင်သည် ကျွန်ုပ်တို့ကို အာရုံမေ့လျော့နေစေတော်မူလိုသည်မဟုတ်။ ကိုယ်တော်သည် သူ၏တစ်ပါးတည်းသောသားတော်ကို ကျွန်ုပ်တို့အတွက်အသေခံရန် လူသားတစ်ယောက်ကဲ့သို့မြေကြီးပေါ်စေလွှတ်တော်မူခဲ့ပါသည်။ တစ်ဖန် ကျွန်ုပ်တို့သည် အာဒံနှင့်ဧဝတို့- အပြစ်တရားလက်အောက် သို့မကျမရောက်သေးသောအချိန်ကာလမျိုးကဲ့သို့ စကြာဝဠာနှင့်သဟဇာတဖြစ်ရန်ပြန်လည်၍ ခြေလှမ်းဝင်ရောက်နိုင်ကြပါလိမ့်မည်။ ယေရှုကိုကျွန်ုပ်တို့၏ကိုယ်ရေး ( ပုဂ္ဂလိက ) ကယ်တင်ရှင်အဖြစ် ကျွန်ုပ်တို့မှတ်ယူရွေးချယ်ခဲ့ပါလျှင်၊ ကျွန်ုပ်တို့၌ အဘယ်အခါကမျှ အပြစ်မရှိသကဲ့သို့ဘုရားသခင်အရှေ့ တော်မှောက်တွင် ကျွန်ုပ်တို့ရပ်လျှက်နေနိုင်ကြပါလိမ့်မည်။

၎င်းသည်ကို ကျမ်းစာက ဒုတိယမွေးဖွားခြင်းဟူ၍ခေါ်ဆိုပါသည်။ ၎င်းအတွက်နှင့် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်အဆက်အသွယ်ရရှိစေဖို့ယေရှုကိုကျွန်ုပ်တို့၏ကိုယ်ရေးကယ်တင်ရှင်အဖြစ်  လက်ခံရန်သာဖြစ်ပြီး၊  ကျွန်ုပ်တို့သည်ကောင်းကင်ဘုံသားအရည်အချင်းပြည့်မီလာကြရပါ၏။  ကျွန်ုပ်တို့၏နှလုံးသားထဲ၌လည်း  မျှော်လင့်ခြင်းအလေ့အကျင့်ကိုရစေခဲ့ပါသည်။ ယေရှုအသေခံ တော်မူခြင်း သည် ကျွန်ုပ်တို့အ တွက် အပြစ်ဩဇာတန်ခိုးခံရမှုမှ ဖျက်သိမ်းသော နိုပ်ခလုတ်ကြီးတစ်ခုလိုဖြစ်ပါသည်။ ယခုအခါကျွန်ုပ်တို့သည်ကောင်းကင်ဘုံသို့ လွတ်လွတ် လပ်လပ်ဝင်ခွင့်ရ၍သန့်ရှင်းသူများနှင့်အပေါင်းအသင်းဝင်ကာ ဘုရားသခင်နှင့်လည်း တိုက်ရိုက်စကားပြောနိုင်ကြပါပြီ။ ယေရှုခရစ်တော်၌မျှော်လင့်ခြင်းရှိသောသူတစ်ဦးသည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌ ဖြောင့်မတ်စွာ နေနိုင်သူဖြစ်ပါသည်။

## နှောင်ကြိုးများချိတ်ဆွဲရန်မလိုပါ

ကျွန်ုပ်တို့လူအများစုသည် တစ်ကြိမ်မဟုတ်တစ်ကြိမ်တွင် အပြင်ပန်း၌စာလုံးကြီးကြီးနဲ့ 'လက်ဆောင်' မဲပေါက်ကြောင်းဖြင့် ကွန်ယက်၌ ချောပို့စာတစ်စောင်လက်ခံရရှိနိုင်ပါ၏။ ကျွန်ုပ်တို့ ငွေဒေါ်လာတစ်သန်းပေါက်ပါသည်ဟူ၍ပြောလာမည်သို့မဟုတ်၊ အလှူလက်ဆောင်အလွတ်ရလိုက်သည်ဟူ၍ဆိုလာမည်။ မည်သို့ပင်ဖြစ်စေ ယင်း 'လက်ဆောင်' သည် တစ်စုံတစ်ခုအတိုင်းအတာဖြင့် ကျွန်ုပ်တို့၏ငွေကို သုံးစွဲပြီးမှသာလျှင်၊သို့မဟုတ်၊တစ်ခုခုကိုလုပ်ဆောင်ပြီးမှသာလျှင်ရနိုင်ကြောင်း ပုံနှိပ်စာလုံးပါးပါးလေးဖြင့် စည်းကမ်းရေးသားထားကြောင်းကို ကျွန်ုပ်တို့ရှာဖွေတွေ့ကြရပါလိမ့်မည်။ ဤအချက်ကို ကျွန်ုပ်တို့ အသေအချာ ရှာဖွေကာ၊ အသေး စိတ်တွေးမိ ပြီးကြသောအခါ ထို 'လက်ဆောင်' ဆိုသောအနီးဆုံးအဖြေသည် လုပ်ရိုးလုပ်စဉ်တစ်ရပ်သာဖြစ်ကြောင်း နားလည်လာကြပါလိမ့်မည်။ ဤသဘောကိုအခြေခံ၍ကျွန်ုပ်တို့က ဘုရားသခင်အထံတော်မှထာဝရအသက်'ဆုလက်ဆောင်'ကို အခမဲ့ရရှိနိုင်ကြမည်ဟုဆိုလာသောအခါ၊ လူများစွာမှာ သံသယအတွေး ဝင်လာဖွယ်ရှိလာပါ၏။ ဤအရာသည် ကြော်ငြာ လှည့်ကွက်တစ်ခုမဟုတ်ပါ။ လုံးဝဥဿုံနှင့်အပြည့်အဝဖြစ်သောအခမဲ့'ဆုလက်ဆောင်'ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံး လုပ်ဆောင်ပေးကြရမည့်အရာမှာ လဲလှယ်မှုကြီးတစ်ခုကို လက်ခံ ရန်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏အပြစ်သားအဖြစ်အသက်ရှင်မှုကိုပေးအပ်၍ သခင်ယေရှု၏စုံလင်သောအသက်ရှင်ခြင်း၌- ရယူနေထိုင် ဖို့ဖြစ်ပါ၏။ ကောင်းကင်ဘုံရောက်ရန် တစ်စုံတစ်ခုသောအလုပ်ကို ကျွန်ုပ်တို့ လုပ်ကြရမည်မဟုတ်ပါ ။ အပြစ်ခွင့်လွှတ်ခံရခြင်း၊ ထာဝရအသက်ရခြင်းသည် ကျွန်ုပ်တို့အတွက် ယေရှုပြုတော်မူခဲ့ခြင်းကြောင့်သာလျှင် ကျွန်ုပ်တို့ ခံစားရလိုက်ကြသည်ဖြစ်ပါသည်။ ဤအရာသည် သတင်းကောင်း အမှန်ဖြစ်ပါ၏။

လူများစွာသည် ခရစ်တော်၌လွတ်ခြင်းခံစားရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ရန် ကြောက်ရွံ့ကောင်းကြောက်ရွံ့နေကြပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အခမဲ့လက်ဆောင်ကို ကျွန်ုပ်တို့လက်ခံရလိုက်ခြင်းသည် အဖိုးမထိုက်တန်သကဲ့သို့ရှိစေနိုင်သည်ဟု ကျွန်ုပ်တို့ စိုးရိမ်ကြသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း သခင်ယေရှုထံမှဆုလက်ဆောင်အလုံးစုံသည်အခမဲ့ဖြစ်သောကြောင့်၊ စကြာဝဠာအနှံ့လူတို့ရှာဖွေဝယ်ယူသောတန်ဖိုးအကြီးဆုံးပစ္စည်းများထက် တန်ဖိုးမနည်းသည်ကိုသိဖို့လို၏။ "မိစဉ်ဘဆက်ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေအစရှိသော ဖောက်ပြန်ပျက်ဆီးတတ် သောဥစ္စာနှင့် သင်တို့ကိုရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့်ရွေးတော်မူသည်ကို သိမှတ်ကြလော့။ "**(၁ ပေ ၁း၁၈-၁၉)**။

ဆိုရိုးစကားဟောင်းတစ်ခုရှိပါသည်။ "ရင်နီးလွန်လွန်းတော့ အထင်သေးဆက်ဆံလာတတ်သည်"တဲ့။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို- အမှန်အကန်တန်ဖိုးထားခြင်းအမှုမှာမစွမ်းနိုင်သည်ကို နားလည်တော်မူသကဲ့သို့၊ ကျွန်ုပ်တို့အားကိုယ်တော်ပေး ထားသောလက်ဆောင်အကြောင်းကိုလည်း ကောင်းစွာသိတော်မူ၍၊ အရာများစွာတို့အနက် ကိုယ်တော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းခြင်းသို့ခေါ် ယူသွင်းတော်မူခြင်းအားဖြင့် ကိုယ်တော်၏တန်းဖိုးကြီးလှသောကယ်တင်ခြင်းဆုလက်ဆောင်ကို အကျွမ်းတဝင်ဖြစ်လာစေရန်နှင့် သတိလက်လွှတ် ဖြစ်မသွားစေဖို့လည်း လမ်းပြပေးတော်မူပါ၏။ **(ထွက်-၂၂း၃၁)**တွင် ဘုရားသခင်ကဤသို့ပြောခဲ့ပါသည်။ "သင်တို့သည်ငါ့ထံ၌သန့်ရှင်းသူများဖြစ်ကြရမည်။" ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ခြင်းအားဖြင့် ကိုယ်တော်အကြောင်းကိုအလေး အနက်ထားလာမိသောအခါ ၊ ယုဒရှင်ဘုရင်ယောရှိကဲ့သို့ ဗိမာန်တော်ရှင်းလင်းရာမှတွေ့ရသော ပညတ္တိကျမ်းစာစောင်အပိုင်းကို ဖတ်မိ၍ မိမိအဝတ်ကိုဆုတ်ဖြဲသည်အထိကျွန်ုပ်တို့လည်းခံစားရမိပါလိမ့်မည်။**(၄ ရာ ၂၂း၁၁)**။ ကျွန်ုပ်တို့၌ ဘုရားသခင်ရှိစေလိုသောစံနမူနာအဆင့်မှ ကျွန်ုပ်တို့အဘယ်မျှဝေးနေသည်ကိုလည်း ကျွန်ုပ်တို့မြင်ရပါပြီ။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံနှင့်အဘယ်မျှလောက်လုံးလုံးမထိုက်တန်ကြောင်းကို နေ့စဉ်နှင့်အမျှ အမြင်သစ်ရလိုက်ကြ၍ ကောင်းကင်ဘုံသို့ကျွန်ုပ်တို့ရောက်ရှိစေဖို့ ယေရှုသခင်အဘယ်မျှလောက်အဖိုးအခ ပေးခဲ့ရကြောင်း ကျွန်ုပ်တို့ဆင်ခြင်ပြီးသကာလ-ကျေးဇူးတော် ချီးမွမ်းခြင်း အမှုကြီးကို ကျွန်ုပ်တို့ အမြဲပြုကြရပါမည်။

## သန့်ရှင်းသူများဖြစ်စေရန်ခေါ်ယူခြင်း

ကျွန်ုပ်တို့ လွတ်ခြင်းခံရပါပြီ။ ယခု ဘာလုပ်ရမလဲ?။ ဣသရေလ မျိုးဆက်သူငယ်များသည်လည်း လွတ်ခြင်း ကောင်းကျိုးချမ်းသာကိုခံစားခဲ့ဖူးကြပါသည်။အဲဂုတ္တုပြည်တွင်နှစ်ရာပေါင်းများများကျွန်ခံခဲ့ကြရပြီးနောက် ဘုရားသခင်သည် သူတို့ကို လွတ်မြောက်စေခဲ့၏။အဲဂုတ္တစစ်တပ်ကြီးပင်လယ်နီထဲနစ်မြုပ်သွားသည်ကိုဣသရေလလူမျိုးတို့မြင်တွေ့ခဲ့ရသောကြောင့်၄င်း၊ ကျွန်ဖြစ်ခဲ့၍ ကျွန်အဖြစ်မှလွတ်မြောက်ခဲ့ကြပြီဖြစ်ကြောင်းကို ၄င်း၊ သူတို့အမှန်သိမြင်ပြီး သူတို့ အသက်ရှင်ရသည့်ဖြစ်ရပ်မှန်အားလုံးကိုလည်း သူတို့သိခဲ့ ကြပါသည်။ သူတို့၏လွတ်လပ်ခြင်းကို သူတို့ ဘာလုပ်ကြရမလဲ?။ ယခုအခါ သူတို့သည် ဘုရားသခင်ကမိမိကိုယ်ကို သူတို့အားဖော်ပြမည့်သိနတောင်ဆီသို့ လွတ်လွတ်လပ်လပ် သူတို့သွားနေကြရပါပြီ။ ဘုရားသခင်သည်လည်း၊ စကြာဝဠာကြီးကိုတည်မြဲညီညွတ်စေသည့် ချစ်ခြင်းမေတ္တာနှင့်ဆိုင်သောပညတ်တော်ကြီးကိုပြသပေးရန်ရှေ့ဆောင်ခဲ့ပါသည်။

ဣသရေလလူမျိုးသည် ဘုရားသခင်၏အထူးလူမျိုးတော်ဖြစ်သောကြောင့် သူတို့ကို အဲဂုတ္တုမှ ကယ်ထုတ်လာခဲ့သည်။ သူတို့ကို သန့်ရှင်းသူများဖြစ်စေရန် ခေါ်ယူခဲ့ခြင်းဖြစ်ပါ၏။

ကျွန်ုပ်တို့အတွက် 'သန့်ရှင်းခြင်း' ဆိုသည်မှာ စကားအထူးအဆန်းဖြစ်နေနိုင်ပါသည်။ လှည့်စားအတွေးထဲမှာ စွန်းကွက်နေသောမှန်ပြူတင်းတစ်ချပ်ကဲ့သို့၎င်း၊အထီးကျန်မှိုင်တွေနေတတ်သူတစ်ယောက်ကဲ့သို့၎င်း၊ ငြီးငွေ့ဖွယ်အသက်ရှင်နေထိုင်ခြင်းနှင့် လောကအမှန်ဘဝထဲမှသူတို့ကိုသူတို့ ထုတ်ပယ်နေထိုင်သူများဖြစ်ကြမည်ဟူ၍၎င်း၊ထင်မြင်နေမိကြပေလိမ့်မည်။ သမ္မာကျမ်းစာထဲက 'သန့်ရှင်းခြင်း'ကို ဖေါ်ပြသည့်အဓိပ္ပါယ်သည် လုံလောက်ပေသည်။ 'သန့်ရှင်းခြင်း'၏ဟေဗြဲစာ စကားအနက်မှာ'<u>အထူးရည်ရွယ်ချက်ဖြင့် ရွေးထုတ်ထားခြင်း'</u> ဟူ၍ ဖြစ်သည်။ အခြားတစ်နည်းဆိုရလျှင် ဘုရားသခင်သည် သူ၏လူမျိုးတို့ကို ***အထူးရှားရှားပါးပါး*** ရွေးချယ်ခေါ် ထုတ်ခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့၏ကမ္ဘာလောကကြီး၌ အများအပြားထုတ်လုပ်၊အများအပြားဈေးခံဖျော်ဖြေ၊အများအပြား အရာအားလုံးတို့သည် **အထူးရှားရှားပါးပါး** ကောင်းမည်ဟု မဆိုနိုင်ပါ။

ဘုရားသခင်သည် သူတို့လူမျိုးနိုင်ငံတော်နှင့်တစ်ဦးချင်းစီတို့၏အထူးရှားရှားပါးပါးရည်ရွယ်ချက်ကို သူတို့ပြန်လည်ရှာကြည့်ကြရန် လိုလားတော်မူပါသည်။ ကိုယ်တော်သည် သူတို့ကို မူလဒေင်ဥယျာဉ်စီမံချက်အတိုင်း ပြန်လာရန် သူတို့ကို တံတောင်နှင့် တို့ထိသတိပေးနေပါသည်။ သို့သော် ကျွန်အဖြစ်မှလွတ်ခဲ့ပြီးနောက်ပိုင်းတွင် ဣသရေလလူမျိုးတို့သည် ဘုရားသခင် သူတို့ကို မည်သို့ဖြစ်စေလိုတော်မူသည်ကို မသိမှတ်ကြတော့ပါ။ ထိုကြောင့်လည်း ကိုယ်တော်သည် သူတို့အား ပုံစံပြအသစ်ကို ရေးဆွဲပေးခဲ့ရသည်။ ဘုရားသခင် သူတို့ကို ပြောရသည်။ "ဒါဟာ သင်တို့ကို ဖန်းဆင်းထားပြီးခေါ်ထုတ်နေတာဖြစ်တယ်။" သိနတောင်ပေါ်၌ ကိုယ်တော်ပေးခဲ့သော စည်းကမ်းပညတ်တော်အတိုင်း ကိုယ်တော်ပြုတော်မူခဲ့ပါ၏။ ဘုရားသခင်သည် လူတို့အားပေးတော်မူခဲ့သော ပညတ်တော်များအားလုံး၏ ရည်ရွယ်ချက်မှာ သန့်ရှင်း၏။ အထူးဖြစ်၏။ ရှားရှားပါးပါးဖြစ်၏။ အလုံးစုံလည်းဖြစ်သည်။ ဣသရေလ လူတို့၌သန့်ရှင်းခြင်းဆိုသည်မှာသူတို့စခန်းချလေတိုင်း ၊ စခန်းအလယ်ခေါင်၌တည်ရသည့်ဘုရားသခင်၏တဲတော်အတွင်း သန့်ရှင်းရခြင်းအကြောင်းဖြစ်ပါသည်။ သန့်ရှင်းသောဘုရားသခင်နှင့်အသက်ရှင်နေထိုင်ခြင်းသည် ဘုရားသခင်က လူမျိုးတော်ကို ကျွန်အဖြစ်သို့ကျဆင်းစေတော့မည်မဟုတ်ကြောင်းနှင့် ကျွန်ဖြစ်နေသူများကိုလည်း ခွန်အားကြီးသော စကြာဝဠာအရှင်ဘုရားသခင်၏သားသမီးများအဆင့်သို့ယူတင်ပေးတော်မူလိမ့်မည်ဖြစ်၏။

## သန့်ရှင်းစွာအသက်ရှင်နေထိုင်ခြင်း

ယခု သင်တို့၊ ကျွန်ုပ်တို့ လွတ်လပ်ကြပြီ!။ မြော်လင့်ခြင်းရှိသူများသည် လွတ်လပ်သောလူများဖြစ်ကြ၏!။ သခင်ဘုရား၏ ပတ္ထနာတော်ကိုကျွန်ုပ်တို့ဆိုပါသည်။"နိုင်ငံတော် ထူထောင်ပါစေသော"ဟူ၍။**(မဿဲ ၆း၁၀)**။ ဘုရားသခင်၏နိုင်ငံတော်ကို တည်စေရန် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်ကို ဖွင့်လှစ်ဖေါ်ပြပေးခြင်းအားဖြင့်အစပြုရသော အထူးအခွင့်အရေး ရရှိနေပါသည်။ လုပ်ဆောင်ချက်များ အစပြုခဲ့ပါပြီ ။ ဘုရားသခင်သည် ကိုယ်တော်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးကို အသစ်ဖြစ်စေရန် လမ်းစဖေါ်ပေးခဲ့ပါပြီ ။ ယခုအခါမှာတော့ ဘုရားသခင်သည် ကျွန်ုပ်တို့အချင်းချင်း ဆက်ဆံရေးကို အသစ်ဖြစ်စေလိုတော်မူသကဲ့သို့၊ ရပ်ကွက်လူမှုရေးကိုလည်း အသစ်ဖြစ်စေလို၏။ ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းဖြင့် ဘဝကိုအသက်ရှင်နေထိုင်ခဲ့ပါလျှင် ကျွန်ုပ်တို့၏ဝန်းကျင်လောကအရာများမှ သန့်ရှင်းစွာခြေလှမ်းထွက်နိုင်ကြပါလိမ့်မည်။မြော်လင့်ခြင်းဘုရားဖူးများကဲ့သို့ပုန်ကန် ခြားနားသောလောကကမ္ဘာတစ်ခု အတွင်းသို့ရောက်နေရသည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ၊ စိတ်ဝိညာဉ်အလုံးစုံဖြင့်ချစ်ပြီးနီးစပ်မိတ်ဆွေ များကိုလည်း ၊ ကိုယ်နှင့်အမျှချစ်ကြောင်းကိုရည်ရွယ်၍ ကြိုးစားပြောပြနိုင်ကြပါလိမ့်မည်။

စာတန်သည် ကျွန်ုပ်တို့ကို သန့်ရှင်းခြင်းမှကင်းဝေးစေရန် စိတ်ဝင်တစားလုပ်ဆောင်နေပါ၏။ အခြေအနေကို သူစောင့်ကြည့်သည်။ လူကိုလည်း ကျွန်ုပ်တို့၌ပုံစံချပေးပြီးသည့်အတိုင်း၊ ဖြစ်မလာစေဖို့ တားဆီးရန်သူကြိုးစား၏။ ကျွန်ုပ်တို့သည် လောကအတွင်း အသက်ရှင်နေထိုင်ရသမျှကာလပတ်လုံး လူ့ဇာတိပကတိက ရှိနေမည်သာတည်း။ နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့သည် ဒုတိယမွေးဖွားခြင်းအတွေ့အကြုံကို တိုးပွါးစေရန်နှင့် အပြစ်ဇာတိကိုယ်ကိုမူကား အငတ်ထား၍ဆုတ်ယုတ်စေရန် ရွေးချယ်လုပ်ဆောင်နေ ကြရပါမည်။ ဤအရာသည် အမြဲတမ်းဖြစ်စဉ်ဖြစ်နေ၏။ သတင်းကောင်းဆိုသည်မှာ သခင်ယေရှုမှ အမြဲတမ်းသွန်သင်တော်မူခဲ့သည်အတိုင်း <u>စည်းကမ်းတစ်စုံကိုစောင့်ခြင်းထက် သန့်ရှင်းခြင်းက များစွာပို၍သာလွန်သည်</u>ကိုဆိုလိုပါသည်။ သန့်ရှင်းခြင်းသည် ကြီးထွားလာရမည့်အကြောင်းဖြစ်ပါသည်။သစ္စာခံခြင်းအသစ်ပုံစံချရသည့်အကြောင်း၊တွေးမြင်မှုလမ်းကြောင်း အသစ်များ၊ လုပ်ဆောင်ချက်လမ်းကြောင်းအသစ်များ၊ ကျွန်ုပ်တို့၏ဘဝများအကြောင်းရှုမြင်ပုံလမ်းကြောင်းအသစ်များနှင့် ဆက်ဆံရေးအသစ်များအကြောင်းတို့ဖြစ်ပါသည်။

သန့်ရှင်းခြင်းသည် တစ်ကြိမ်တစ်ခါလုပ်ရသည့်အလုပ်မဟုတ်ပါ။ ရင့်ကျက်မှုအတွက် ဖြစ်စဉ်တစ်ရပ်ဖြစ်၏။ ပန်းသီးအပင်ကောင်းစွာပွင့်လန်းသည်ကိုမြင်သော် အသီးကောင်းစွာသီးမည်ကိုသိရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ယေရှု၌ရှိလျှင် ကောင်းစွာကြီးထွားနိုင်မည့်အကြောင်းဖြစ်သည်။ ဣသရေလလူမျိုးတို့သည် တော၌လှည့်လည်ကြုံတွေ့ရခြင်းအကြောင်းသည် သူတို့စခန်းချရာနေ့စဉ်ဘဝအတွေ့အကြုံအသေးစိတ်များ၌ သန့်ရှင်းခြင်းကို လေ့ကျင့်သင်ယူလာကြခြင်းရှိခဲ့ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း နေ့စဉ်-အခါမလပ် ဘုရားသခင်၏ရှေ့တော်မှောက်၌ သန့်ရှင်းခြင်းကို လေ့ကျင့်သင်ယူနိုင်ကြပါသည်။

## <u>သန့်ရှင်းခြင်းရှိရန်နောက်ခံတွန်းအား</u>

ခရစ်ယာန်များဘဝအကြောင်းထဲ၌ တာဝန်ခွဲဝေလုပ်ကိုင်နေခြင်းရှိသည်ဟူ၍ အချို့သူများ ထင်ကောင်းထင်နေကြပါလိမ့်မည်။ သူတို့အမြင်၌ ယေရှုသည် တစ်ကြိမ်တည်းနှင့်အပြီးပေးဆပ်ခဲ့ပြီးသည်ဖြစ်၍ သူတို့၌ပြုပြင်ထိန်းသိမ်းပေးရန်သာလိုမည်ဟုဆိုသည်။သူတို့ယုံကြည်နေသည်ကား သူတို့အတွက်ယေရှုအသေခံပေးပြီးခဲ့သည်ဖြစ်၍ သူတို့၌ဒုတိယမွေးဖွားခြင်းသည် ကောင်းကင်ဘုံရောက်ရန် စုံလင်ခြင်းအဆင့်တချို့ရောက်သည်အထိ သူတို့လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းကိုသာ သူတို့တွေးထင်နေတတ်ကြသည်။ တမန်တော်ရှင်ပေါလုသည် ဤအမြင်ကို မပေးခဲ့ပါ။ "ထို ကြောင့် သင်တို့သည်သခင်ယေရှုခရစ်ကိုခံယူပြီးသည် ဖြစ်၍၊ ထိုသခင်၌ စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက်၊နည်းဥပဒေသကိုခံပြီးသည်အတိုင်း ယုံကြည်ခြင်း၌ မြဲမြံစွာ စွဲလမ်းလျက်၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွယုံကြည်ခြင်းတိုးပွါးပြည့်စုံလျက်၊ ထိုသခင်၌ကျင်လည်ကြလော့။" **(ကောလောသဲ ၂း၆–၇)**။ <u>'တည်ဆောက်ခြင်းရှိလျှက်'</u> ဆိုသည့်အကြောင်းမှာ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရသည့်နည်းတူ၊ သန့်ရှင်းခြင်းလည်း ပြုစုခံခဲ့ရပါသည်။ ဘုရားသခင်သည်ရွေးနှုတ်ကယ်တင်ခြင်း ကိုပြုသည်။ ဝိညာဉ်တော်သည် အသွင်ပြောင်းလဲခြင်းကိုဖြစ်စေသည်။ ကျွန်ုပ်တို့၏အပိုင်းသည် အလိုတော်ကိုဝန်ခံ၍ပူးပေါင်းလုပ်ဆောင်ဖို့ဖြစ်ပါသည်။

သင့်၏ကယ်တင်ရှင်အဖြစ် ယေရှုကိုသင်လက်ခံပါသလား ? လက်ခံလျှင် သင်သည် လွတ်ခြင်းခံရ၏။ သင့်အ ပြစ် များ ဆေးကြော ခံရ၏။ သင်သည် ဒုတိယမွေးဖွားခြင်းသို့ရောက်ရ၏။ ယခုမှာ သင်သည် ဖန်ဆင်းခံရသည့်အလိုတော်အတိုင်း လွတ်ခြင်းကောင်းကျိုးကို ရနေပါပြီ။ ပုံသဏ္ဌာန်တော်နှင့်အညီ လည်း သင့်၌သက်ဝင်၍ယခုလွတ်လပ်ခြင်း ရရှိလာပါသည်။ သင်တို့နှင့်ကျွန်ုပ်တို့သည်ယေရှုနည်းတူသက်ဝင်ရရှိလာစေဖို့ဦးတည်သွားကြရပါ၏။ "ဤသို့နည်းတူအဖြစ်သည် ဘာဖြစ်နေလိမ့်မလဲ ?။" (*Ellen G. White, Education,p.18*) စာအုပ်ထဲတွင်ဤသို့ဖေါ်ဆိုခဲ့သည်။ "အမြင်ဆုံးသောလူသား၏အတွေးအမြင် ထက်ပို ၍ ရောက်ရှိခြင်းသည် ဘုရားသခင်၏သားသမီးများတို့၌ရှိရမည့် ကိုယ်တော်၏စံနမူနာဖြစ်ပါသည်။ ဘုရားဝတ်၌ မွေ့ လျော်ခြင်း၊ ခရစ်တော်နည်းတူကျင့်နိုင်ခြင်းတို့သည်ကျွန်ုပ်တို့ရောက်ရမည့်ပန်းတိုင်ဖြစ်ပါသည်။" ဤအရာသည် မြော်လင့်ခြင်း ရှိကြသူလူတစ်စုအဖို့ နောက်ဆုံးလားရာခရီးမှတ်တိုင်ဖြစ်ပါ၏။ လုပ်ဆောင်လျှက် အစပြုကြပါစို့!။

## <u>တုန့်ပြန်အဖြေပေးရန်နှင့်သူတပါးကိုမျှဝေရန် မေးခွန်းများ</u>

၁) သန်းရှင်းခြင်းဆိုသည်မှာ တကယ်အပြုသဘော မဆောင်သလော ?။(ကျင့်စဉ်များကို ရပ်ပစ်ဖို့လိုသလား ?။) သို့မဟုတ် အပြုသဘောဆောင်သလော ?။

၂) "သန့်ရှင်းသူ"တစ်ယောက်သည် ယနေ့ကမ္ဘာလောကထဲ၌ ဘယ်လိုလူစားမျိုးလဲ ?။ အသေးစိတ်ပြောပြပါ။

၃) ကျွန်ုပ်တို့အားဘုရားသခင်ပေးသောစွမ်းအင်သို့ရောက်နိုင်ရန် သန့်ရှင်းခြင်းသည် အဘယ်သို့ ပတ်သက်ပါသလဲ ?။

## ## ##

**ကြာသပတေးနေ့**

# ယေရှုထံသို့ရှိသမျှကိုအပ်နှံပြီးသောလူတစ်စု

(*By G. Edward Reid*)

**( ထာဝရဘုရား၏ကောင်းကြီးမင်္ဂလာများကိုကျွန်ုပ်တို့မည်ကဲ့သို့သုံးသနည်း )**

တစ်ဆယ့်ကိုးရာစုနှစ်နှောင်းပိုင်းအချိန်က ဆေးကုဆရာဝန်များသည် လူနာများကို သိပ္ပံနည်းမကျသောကုထုံးများဖြင့် ဆေးကုနေကြ သေးသည်။ ကိုယ်ပူနေသောလူနာများကို သွေးဖေါက်ကုသကြသည်။ အဆုတ်နာရှိသူများကို ဆေးလိပ်သောက်၍မှိန်းနေကြရန် ထောက်ခံပေးနေခဲ့ကြသည်။ အယ်လင်ဝှိုက် မှတ်စုရေးထားခဲ့ပါသေးသည်။ "ကျမသိတဲ့ အမျိုးသမီးတစ်ယောက်ဟာ ရင်ကြပ်ပန်းနာထနေလို့ သက်သာစေရန်ဆေးတံသောက်ဖို့သူမရဲ့ဆေးကုဆရာဝန်က အကြံပေးခဲ့တယ်တဲ့။ သူမဟာ နှစ်ပေါင်းများစွာ ဆက်ကပ်နေထိုင် လာသူတစ်ယောက်ဖြစ်တယ်။ သို့သော်လည်း သူမဟာ ဆေးလိပ်-ဆေးတံသောက်တဲ့အကျင့်စွဲကပ်လာတယ်။ သူမ၌ ကျန်းမာရေးကျ ဆင်း၍အကျင့်ဆိုးအနံ့ထွက်နေတာကြောင့် ဆေးလိပ်ဖြတ်ပစ်ဖို့ပြောတဲ့အခါ သူမဟာ လုံးဝငြင်းပါတယ်။ သူမက 'တကယ်လို့ကျမ စိတ်အထဲမှာရွေးချယ်ရန်အကြောင်းရှိလို့ - ဆေးလိပ် နဲ့ကောင်းကင်ဘုံ ဘယ်ဟာရွေးမလဲ - ထူးထူးခြားခြားအမေးခံရရင်တောင်၊ ကောင်းကင်ဘုံကိုစွန့်မယ်။ ကျမ ဆေးလိပ်-ဆေးတံမဖြတ်နိုင်ပါဘူးရှင်'တဲ့။ ဒီအမျိုးသမီးဟာ သူ့စကားနဲ့သူဆို၍သူတို့အကျင့် အတိုင်း သူတို့ခံယူလိုကြပါတယ်။"(*Ellen G. White, Temperance,p.63*) ။

## အပ်နှံခြင်းအရေးပါမှု

မြော်လင့်ခြင်းရှိသူဘုရားသခင်၏လူများသည်ယေရှုထံသို့အပ်နှံခြင်းရှိရပါမည်။ဒါဘာသဘောရှိသလဲ ?။ ကယ်တင်ခြင်းသမိုင်းကြောင်း၏စိတ်သဘော၌ ဤအချက်သည် အငြင်းပွါးစရာအကြောင်းကြီးတစ်ခုအဖြစ် ရှိနေခဲ့၏။ ကျွန်ုပ်တို့အား ရုပ်ပုံကားချပ်ကြီးတစ်ချပ်ဖြစ်စေခဲ့ပါသည်။

ဒေင်ဥယျာဉ်မှ အာဒံနှင့်ဧဝတို့ နှင်ထုတ်ခံကြရသည့်နေ့ရက် အချိန်အခါမှစ၍ ဘုရားသခင်၏ ရွေးဆက်အမှုတော်ရပ်အားလုံးသည် လူသားကိုပြန်လည်နေရာချထားနိုင်ရန်အလို့ငှာ ကိုယ်တော်၏အကြံအစည်တော်အပိုင်းကြီးအဖြစ် ရှိနေပါ၏။ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ကရုဏာမေတ္တာတော်ကို သရုပ်ဖွင့်ပြနေသည်ဖြစ်သောကြောင့်လည်း ၊ ယခု၌ဘဝပိုင်းဆိုင်ရာအရည်အချင်းနှင့်ထာဝရအသက်ကိုမျှော်လင့်ရနိုင်မည်ဆိုသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဉာဏ်တော်နှင့်အလိုတော်၌အပ်နှံနိုင်ရန် ခွန်အားကိုဖြစ်စေပါသည်။

သမ္မာကျမ်းစာက ဖွင့်ဆိုသည်အတိုင်း"ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူခဲ့၏။" (ကမ္ဘာ ၁း၁) အမှန်၌လည်း ထာဝရဘုရားသည်"ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက် ဖြစ်သောအရာတစုံတခုမျှ မရှိ။"(ယောဟန် ၁း၃)။ ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းသူ/ပိုင်ဆိုင်သူဖြစ်သည်ဟူ၍ ကျွန်ုပ်တို့ နားလည်လက်ခံကြပါလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်၌ အရင်းအမြစ်များကိုစောင့်ထိန်းသူများဖြစ်ကြကြောင်းကို ကျွန်ုပ်တို့နားလည်လက်ခံနိုင်ကြပါလိမ့်မည်။ ထို့ကြောင့် ဆက်ကပ်အပ်နှံသောခရစ်ယာန်အဖြစ်ဘဝပန်းနှုံးတိုင်သို့ကျွန်ုပ်တို့သည် ဘုရားပေးထားသောအရင်း အမြစ်ကို ကိုင်ယူ၍ ခရစ်တော်ပြန်လည်ကြွလာတော်မူသောနေ့ရက်တိုင်အောင် ကိုယ်တော် ၏ အမှုတော်မြတ်မှာ လုပ်ဆောင်နေရမည် ဖြစ်ပါသည်။

## အိုးမြေကဲ့သို့မိမိကိုယ်ကိုမှတ်၍အပ်နှံပါ။

ပရောဖက်တို့၏သတင်းစကားသည် "နာခံ၍ကောင်းချီးခံယူပါ၊ သို့မဟုတ် ဘုရားသခင်ကို မနာမခံနေရင်း ဝေဒနာခံစားပါ" ဟူ၍ဖြစ်၏။ ဤအချက်သည် ကယ်တင်ခြင်းအကြောင်းမဟုတ်၊ဘဝဆိုင်ရာပြဿနာနှင့်များစွာဆိုင်၏။ အကယ်၍ ကျွန်ုပ်တို့သည် ဤအချက်ကိုကောင်းစွာနားလည်သဘောပေါက်လျှင် ဘုရားသခင်၏နည်းဥပဒေသသည် မူလကပင် ကျွန်ုပ်တို့ကောင်းစေဖို့အတွက်နှင့် ဘုရားအမှုတော်နှင့်ဘုရားနိုင်ငံတော်အကျိုးကိုရွက်ဆောင်ဖို့သာဖြစ်ကြောင်း ကောင်းကောင်းသိကြပါလိမ့်မည်။

"အပ်နှံခြင်း"စကားလုံးကို ကျမ်းစာထဲ၌ အကြိမ်များများ မသုံးထားပါ။ သို့သော် ယင်းသြဝါဒအယူအဆကို ထပ်ခါထပ်ခါ ဆိုနေသည်။ ရှင်မဿဲခရစ်ဝင်ကျမ်း(၂၂း၃၇)တွင် "သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့" ဟုဆိုထားသည်။ ထိုနည်းလည်းကောင်း ကျမ်းစာထဲ၌ "အပ်နှံခြင်း"အကြောင်းသရုပ်သကန်ပေါ်လွင်စေရန် (ဟေရှာယ ၆၄း၈၊ယေရမိ ၁၈း၄-၆)တွင် အိုးလုပ်သူနှင့်အိုးမြေဟူ၍ ပုံဆောင်ရှင်းပြထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘဝ၌တစ်စုံတစ်ရာကောင်းခြင်းကို မျှော်လင့်ရယူလိုလျှင် အိုးလုပ်သူကောင်းကင်ဘုံရှင်ထံ အပ်နှံဆက်ကပ်ကြရမည်။

## ဝှက်ထားသောရတနာ

ရှင်မဿဲခရစ်ဝင်ကျမ်း(၁၃း၄၄)၏ကျမ်းချက်တစ်ခုထဲ၌ ယေရှုနောက်လိုက်ခြင်း၏စိတ်နှလုံးကို ဆုပ်ကိုင်ဖေါ်ပြခဲ့သည်။ "တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကို တွေ့သောသူသည် တဖန်ဖုံးအုပ်၍၊ ဝမ်းမြောက်သောစိတ်နှင့် သွားပြီးလျှင်၊ ရတတ်သမျှကို ရောင်း၍ ထိုလယ်ကို ဝယ်တတ်၏။"

ဓမ္မဟောင်းကာလအချိန်က လူချမ်းသာများသည် သူတို့၏ဥစ္စာရတနာများကို မြေ မြှုပ်ဝှက်ထားတတ်ကြ၏။ သူခိုးထားပြတို့သည် သူတို့ဘဝထဲ၌ ပုံမှန်ရှိနေတတ်ကြသည်။ တစ်ခါတစ်ခါတွင်လည်း အုပ်ချုပ်သူဘုရင်များအပြောင်းအလဲရှိလာလျှင် လူချမ်းသာများသည် အခွန်ကြီးကြီးပေးရဖို့ ပစ်မှတ်ဖြစ်လာတတ်၏။ ဂ္ဂလသရေလပြည်အနီးရှိ ရန်ဘက်တိုင်းနိုင်ငံများသည်လည်း မကြာခဏ မြေထွက်သီးနှံများနှင့်ဥစ္စာပစ္စည်းများကို လာရောက်လုယူတတ်ကြသေးသည်။ ထိုအပြင် ဣသရေလလူများသည် သူတို့၏ ရတနာများမြှုပ်ထားသည့်နေရာကို မေ့တတ်သည်၊သို့မဟုတ် မြုပ်နှံသူပိုင်ရှင်သည် သေသွား၍သော်လည်းကောင်း၊ထောင်ကျသွား၍ သော်လည်းကောင်း ဖြစ်တတ်သေး၏။

ထိုကာလ၌ လယ်လုပ်သူအများစုသည် အခြားမိသားစု၏လယ်များကို စုပေါင်းထွန်ယက်ဝိုင်းဝန်းလုပ်ကိုင်ပေးကြရသည်။ ထိုအခါ နွားနှင့်လယ်ထွန်ပေးနေစဉ် လယ်ကွက်၌မြှုပ်နေသောရတနာကိုလှန်မိတတ်ကြ၏။ သင်တွေးကြည့်ပါ။ ယင်းလယ်ထွန်သူသည် အလုပ်မှရပ်၍ဒူးထောက်ချကာ-စစ်ဆေးကြည့်လိမ့်မည်အမှန်ပါပဲ။ သူ့လက်နဲ့သူ ဖွဖွတူးကြည့်၍ ကြွယ်ဝသည့်ရတနာစစ်ကို သူတွေ့ခဲ့ ပါလိမ့်မည်။ ဤရတနာကို လက်ရှိလယ်ပိုင်ရှင်သည် မသိသလိုပိုင်ဆိုင်သူမဟုတ်သည်ကိုလည်း ထိုသူအမှန်ရိပ်မိပါလိမ့်မည်။ ဤ ရတနာသည် ပိုင်ရှင်မရှိသောဥစ္စာဝှက်ပစ္စည်းသာလျှင်ဖြစ်ပေမည်။ သို့သော်လည်း မြေပိုင်သူက ဤရတနာကို ပိုင်ဆိုင်ရလိမ့်မည်။ ဤရတနာသည် သူ့ကို ဖမ်းချုပ်ထားပြီ။ လယ်ကိုသူပိုင်မှဖြစ်မည်။သူ့အိပ်မက်ပစ္စည်းလည်းဖြစ်လာသည်။ သူ့စိတ်သည်လည်း စွဲလမ်း၍ ကိုယ်စိတ်တစ်ခုတည်း ဖြစ်နေတော့သည်။ ဤမြေကိုအဘယ်မျှပေးရ-ပေးရ သူ ဝယ်ယူဖို့ ဆုံးဖြတ်ခဲ့သည်။ အမှန်တော့ သူ့မှာပိုင်သော ပစ္စည်းတန်ဖိုးအကုန်လုံးနှင့် သူဝယ်ယူလိုက်ရပါတော့သည်။ ထိုသူသည် အဆုံးစွန်သော အလှည့်အပြောင်းပုံစံတစ်ခုကို သူကြုံတွေ့လိုက်ရခြင်းဖြစ်ပါသည်။ ဒါကို အကျွန်ုပ်တို့အနေဖြင့် '<u>ပြောင်းလဲရောက်ခြင်း!</u>'ဟု ခေါ်ကြသည်။ ထိုသူ၏ဘဝအမြင်သည် အမြင်သစ်ဖြစ်လါ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ခြားနားသောမျက်စိမှတဆင့် မြင်ရသူဖြစ်ရပါပြီ။

မတော်လျှင်၊ သူ့မိသားစုနှင့် သူ့မိတ်ဆွေတို့က- ဒီလူတော့ စိတ်ရူးပေါက်သွားပြီ - ဟုထင်မှတ်ကြပေမည်။သို့သော် ထိုသူသည် မိမိဘာလုပ်နေသည်ကိုမိမိသိပါ၏။ရတနာရှိသောလယ်မြေသည် ဘယ်လိုဘဲဖြစ်ဖြစ် သူ့အတွက်တန်၏။အရင်မူလက သူပိုင်ဆိုင်ခဲ့လေသမျှ သူရောင်းချပြီး ထိုတန်ဖိုးကြီးရတနာရှိ လယ်မြေကိုဝယ်မည်ဟု သူစိတ်ဆုံးဖြတ်လိုက်သည်မှာ မမှားပါချေ။

*<u>ရတနာဆိုသည်မှာ ယေရှု နှင့် ကိုယ်တော်၏ကယ်တင်ခြင်းစီမံချက်ဖြစ်သည်။</u>*

ဘုရားသခင်၏နိုင်ငံတော်ထဲ၌ဝှက်ထားသောရတနာကို ရှာဖွေသည်ဆိုသည်မှာ တန်ဖိုးထွက်အချိုးကျအရာအားလုံးကို ရယူလိုခြင်းဖြစ်ပါသည်။ တန်ဖိုးပေးရမည် ဟုတ်ပါသည်။ သို့သော် အကျိုးထွက်ရချက်သည် တန်ဖိုးပေးရသည်ထက် ပိုကြီးပါသည်။ ထို့ကြောင့် ဤတွင် အဖိုးပေးလိုက်ခြင်း၌ ဝမ်းမြောက်ရခြင်းသည် ဤသို့ဝမ်းမြောက်စရာမျိုး အခြားမရှိပေတော့။ ဤကျမ်းချက်၌ အဓိကသော့ချက်စကားရပ်သည် ' ဝမ်းမြောက်သောစိတ်နှင့် 'ဟူ၍ဖြစ်သည်။ ဤလူသည် ဝမ်းမြောက်သောစိတ် ဖမ်းစားခံရသောသူ ဖြစ်လေပြီ!။

ဤပုံဥပမာကိုသုံး၍ပြောသော ခရစ်တော်၏ရည်ရွယ်ချက်သည် " ဝိညာဉ်ရေးရာတန်ဖိုးကို ကျွန်ုပ်တို့၌တွက်ဆယူကြဖို့ ဖြစ်ကြောင်း"ဆိုလိုပါသည်။ မြေကြီးပေါ်က ထိုရတနာကို ပိုင်ဆိုင်လိုသောသူသည် သူ၌ရှိသည့်အရာအားလုံးကို စွန့်လွှတ်ပေးလိုက်ခဲ့ရသည်။ တန်ဖိုးမဖြတ်နိုင်သော ကောင်းကင်ဘုံရတနာကို အကျွန်ုပ်တို့ပိုင်ဆိုင်လိုကြပါလျှင် ဤလောကမှာအဘယ်မျှလောက်ကြီးများ ဖြစ်ပါစေ၊ မပေးဆပ်သင့်ပေဘူးလား!။" (**Ellen G. White,That I May Know Him,p.58**)

## တကယ်စွန့်လွှတ်ခြင်း ဖြစ်ပါသလား?

ကောင်းကင်ဘုံနှင့်ထာဝရအသက်ရဖို့အတွက် ဝယ်ယူပေးနိုင်သောတန်ဖိုး မြေပြင်မှာ ရှိပါသလား?။ ကျွန်ုပ်တို့ သင်ယူခဲ့ရပါသည်။ " ယေရှုသည် အမှန်စွန့်လွှတ်ခြင်းတစ်စုံတစ်ရာကို လိုလားတော်မူသည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အပ်နှံကြရန်တောင်းဆိုခြင်း ခံရသောအရာမှန်သမျှသည် ကျွန်ုပ်တို့၌မရှိလျှင် ပိုကောင်းလိမ့်မည်ဖြစ်ကြောင်းကို ကိုယ်တော်လိုလား၍ဖြစ်၏။" (**Ellen G. White,Counsel on Stewardship,p.300**)

အပ်နှံခြင်း၊စွန့်လွှတ်ခြင်းအရာများသည် ထူးဆန်းသည်မဟုတ်ပါ။ ဘဝနေထိုင်မှုပုံစံထဲမှာ ရှိနေပါသည်။

လုပ်ဆောင်ခြင်း၌ ရှင်းရှင်းစီမံချက် ရှိပါသည်။ " နံနက်စောစော သင်ကိုယ်တိုင် ဘုရားကို ဆက်ကပ်ပါ။ ဤအရာကို သင်၏ နေ့အစ၌ဦးစွာလုပ်သည့်အလုပ်ဖြစ်ပါစေ။ ဆုတောင်းပါ။ 'အို ဘုရားသခင်၊ ကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ ကျွန်ုပ်၏ အကြံအစည်အရာအားလုံးကို ကိုယ်တော့်ခြေရင်း၌ အပ်ပါ၏။ ကိုယ်တော့်အမှုကို လုပ်ဆောင်နိုင်ရန် အကျွန်ုပ်ကို အသုံးပြုတော်မူပါ။ အကျွန်ုပ်အား မစပါ။ အကျွန်ုပ်ပြုသောအရာအားလုံးသည် ကိုယ်တော်အတွက်ဖြစ်စေတော်မူပါ။" သင်၏အကြံအစည်အားလုံးကို ဘုရားသခင်အား အပ်နှံလိုက်ပါ။ ကိုယ်တော် လမ်းပြမစပေးတော်မူသည်အတိုင်း- ဆောင်ရွက်ပါ၊သို့မဟုတ်၊ စွန့်လွှတ်လိုက်ပါ။"

(**Ellen G. White,Steps to Christ,p.70**)

သခင်ယေရှု၏တန်ခိုးတော်အားဖြင့် ကောင်းကင်ဘုံသို့ရောက်ကြသူများသည် မြော်လင့်ခြင်းရှိကြပါသည်။ ကိုယ်တော် အစဉ် ပေးနေသောကောင်းချီးမင်္ဂလာ များစွာနှင့် သူတို့ မည်သို့ပြုစုရမည်ကို ပြသပေးနေပါ၏။ သူတို့၌မြော်လင့်ခြင်းခရီး နှင်ရလေသော် ဘုရားသခင်၏ဆုကျေးဇူးများကို ချိန်ညှိအသုံးပြုခြင်းအားဖြင့် ဝိသေသလက္ခဏာဖြစ်စေပါသည်။

### တုန့်ပြန်အဖြေပေးရန်နှင့် သူတပါးကိုမျှဝေနိုင်ရန်အတွက် – မေးခွန်းများ

၁) ယေရှုသို့ "အပ်နှံခြင်း" ဆိုသည်မှာ ဘာအဓိပ္ပါယ်ရှိပါသလဲ ?။

၂) ဝှက်ထားသောရတနာကို တွေ့မိသောလူသည် သူ၌ရှိသည့်အရာများအားလုံးကို ရောင်းချလိုက်၏။ သို့တိုင်အောင်လည်း ၊ ထိုသူသည် ဝမ်းမြောက်ခြင်းရှိသေးသည်။ ဒီလို ဘာကြောင့် ဖြစ်ရသလဲ ?။

-------------------000---------------------

**သောကြာနေ့**

# စိတ်ရှည်သည်းခံသောလူတစ်စု

(*By Dauglas Jacobs*)

## ယေရှုသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစအဦးစီရင်၍စုံလင်စေသောသူဖြစ်သည်။

ဒေးဗစ်ဟော်တွန်(**David Horton**)သည် အဘယ်မျှ သည်း ခံ ရ မည် ကို သိ၏။ ၁၉၉၁ ခုနှစ်တွင် သူသည် မိုင်ပေါင်း (၂,၁၇၈)မိုင် ကို ပြေးခဲ့သည်။ အမေရိကန်ပြည်အရှေ့ပိုင်းရှိ အပါလာချိန်းတောတောင်တန်း(**Appalachain Trail**)ကို သူသည် (၅၂)ရက်စံချိန်နှင့် ဖြတ်ကျော်ပြေးခဲ့သည်။ ဟော်တွန် သည် တစ်နေ့လျှင် မိုင်(၄၀)နှုန်းဖြင့်ပြေးခဲ့ ရသည်။ ဤခရီးကို ကျွန်ုပ်တို့သည် ရက်တစ်ရက်လောက်မျှစံချိန်မတင်နိုင်သောခရီးဖြစ်သည်။ မစ္စတာဟော်တွန်သည်ပင်လျှင် ယင်းစံချန်ကို ထိန်းနိုင်ဖို့ အလွန်ကြိုးစား၍ သက်ကြီးသည်အထိ စိတ်ရှည်ရှည်နှင့်လုပ်နေရသည်။ လက်ရှိအသက်(၆၀)အရွယ် အိုမင်းသူမစ္စတာဟော်တွန်သည် (၄၈၅)မိုင်အပြေးခရီးကို အဆုံးမသတ်နိုင် ဘဲ ရပ်ပစ်ခဲ့ရသည်။ အကြောင်းမှာ သူ့လက်မောင်းနှင့်ခြေထောက်များ ယောင် ကိုင်းလာသောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် မစ္စတာဟော်တွန်တင်သောစံချိန်အတိုင်း မပြေးနိုင်ဖြစ်မည်ဆိုသော်လည်း အသက်ကြီးသောအခါ သည်းခံစိတ် လျှော့ပါးလေမည်ကိုတော့ ကျွန်ုပ်တို့အများသိကြရသည်အမှန်ပင်။ သက်ကြီးခြင်းသည်ရန်သူမဟုတ်ကြောင်းနှင့် အားကစားပြိုင်ကွင်းသည်လည်း သည်းခံဖို့စိန်ခေါ်ချက်မဟုတ်ကြောင်း သိကြပါသည်။ ထို့အတူ စလိုက်ပြီဆိုမှ အဆုံးတိုင် အရောက်သွားရန် ကျွန်ုပ်တို့၌အဘယ်မျှခက်လှသည်ကို လူတိုင်းသိကြ၏။ ဝတ်စားဆင်ရင်ခြင်းအမှု၊ လယ်ယာထွန်ယက်ခြင်းအမှု၊ ကျမ်းတစ်စောင်ပြုစုခြင်းအမှု၊ သို့မဟုတ် အစီရင်ခံစာတစ်စောင်ရေးထုတ်ခြင်းအမှုတို့၌ အဆုံးသတ်ရန် ကျွန်ုပ်တို့ စိတ်အားလျှော့တတ်ကြပါသည်။ ကျွန်ုပ်တို့သည် အရည်အသွေးမီအဆင့်နှင့် အစပိုင်းက ဆက်ကပ်အပ်နှံခဲ့သည်များကို ထိန်းသိန်းနိုင်ရန် ခက်ခဲလှကြောင်း တွေ့နေရပါသည်။

သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများသည် ယေရှု မကြာမီပြန်လည်ကြွရောက်လာမည်ကို နှစ်ပေါင်း(၁၄၇)နှစ်တာ ကာလမျှ စောင့်မျှော်နေခဲ့ကြရသည်။ သခင်ယေရှု မကြာမီ ပြန်လည်ကြွလာမည်ဖြစ်ကြောင်းကို သတင်းကောင်းအနေဖြင့်ကြွေးကြော်၍ ထိုသို့သောအမှုတော်ဆောင်ခြင်ကိုထိန်းသိန်းနိုင်ရန်သည် အဘယ်မျှ စိတ်ထက်ထက်သန်သန်နှင့် ဆက်ကပ်နေနိုင်ကြပါမည်လဲ ?။ ကျွန်ုပ်တို့သည်ကြံ့ခိုင်သည်းခံသောလူတစ်စုဖြစ်အောင်မည်သို့ပြုရပါမည်လဲ။နောက်ဆုံးအချိန်ဘုရားသခင်၏လူတစ်၏ ဂုဏ်လက္ခဏာမှာကြံ့ကြံ့ခိုင်မြဲ၍သည်းခံခြင်းဖြစ်ပါသည်(ဗျာဒိတ် ၁၄း၁၂)။ သူတို့၏သာသနာခရီးကြမ်းမှာ သူတို့၏ယုံကြည်ခြင်းသည် စမ်းသပ်ခြင်းကိုခံရလိမ့်မည်။သို့သော်လည်းသူတို့သည်အဆုံး၌အောင်မြင်ကြပါလိမ့်မည်။

ဟေဗြဲ ၁၂း၁ က ကျွန်ုပ်တို့သည် ယုံကြည်ခြင်းပြေးပွဲမှာတစ်ယောက်တည်းပြေးသည်မဟုတ်ကြောင်းကိုပြောထားပါသည်။ “ဤမျှလောက်များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကိုဝိုင်းရံလျက်ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသောဝန်တို့ကိုရင်း၊ နှောက်ယှက်တတ်သော ဒုစရိုက်ကိုရင်းပယ်ရှား၍၊ ငါတို့မျက်မှောက်၌ ထားသောပန်းတုံးတိုင်သို့ ရောက်ခြင်းငှါ၊ အားမလျှော့ဘဲပြေးကြကုန်အံ့။” မှန်ပါသည်။ ထာဝရဘုရား၏ကတိတော်များကိုယုံကြည်စွဲလန်းသောလူယောကျ်ား၊ မိန်းမတို့သည် ယနေ့အချိန်မှာ ကျွန်ုပ်တို့ကိုစိတ်အားထက်သန်စေနိုင်ပါသည်။

ဂျိုင်းခြန်း ဟာ ပညာတတ်မိသားစုထဲက ဆင်းသက်လာသူတစ်ယောက်ပါ။ သူမရဲ့ဖခင်နှင့်အဘိုးဖြစ်သူတွေက ပညာရှင်တွေပါ။ သူမကိုယ်တိုင်ကလည်းအဆင့်မြင့်ပညာရေးကိုဆွတ်ခူးထားသူ၊ ပညာကိုတန်ဖိုးထားသူဖြစ်ပါတယ်။ သူမရဲ့ဈာပနအခမ်းအနားမှာသားဖြစ်သူ တိုနီ က သူမိခင်ကိုချီးမွမ်းစကားပြောခဲ့တယ်။ “သူမဟာ သူ့ရဲ့သားသမီးမြေးမြစ်တွေကို ပညာကိုတန်ဖိုးထားဖို့၊ တရုတ်ပြည်မိသားစုသမိုင်းမှာ နှစ်ပေါင်း (၅၀၀၀) မက ပညာအမွေကိုလက်ဆင့်ကမ်းချန်ထားဖို့ သွန်သင်ခဲ့ပါတယ်။” သူမချန်ထားရစ်တဲ့ပညာအမွေကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းသွားဖို့ အခြားလူတွေကိုလည်း လက်ဆင့်ကမ်းသင်ကြားပေးကာ တန်ဖိုးထားတတ်ဖို့ဆန္ဒရှိခဲ့ပါတယ်။ ဟေဗြဲ (၁၁) ထဲမှာ ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းသူ မိသားစုသမိုင်းဟာ နှစ်ပေါင်း (၆၀၀၀) မကရှိခဲ့ပြီဖြစ်ကြောင်းသိမှတ်ရပါတယ်။ အဲဒီထဲမှာအာဗေလ၊ ဧနောက်၊ နောဧ၊ အာဗြဟံ၊ ဣဇက်က၊ ယာကုပ်နဲ့မောရှေတို့လည်းပါဝင်ကြပါတယ်။ အဲဒီအပြင်- သာမန်လူတွေဖြစ်တဲ့ ရာခပ်၊ ဒိဒေါင်၊ ဗာရက် စသည်တို့လည်းပါတယ်။ ယုံကြည်ခြင်းအရာမှာ ကြံ့ခိုင်-သည်းခံပြီး ရှေ့မှာထားရှိတဲ့ပန်းတုံးတိုင်သို့ ဇွဲနဘဲနဲ့ပြေးရမယ်လို့ (ဟေဗြဲ ၁၂း၁)မှာ အားပေးထားပါတယ်။

ဒါပေမယ့်ကျွန်ုပ်တို့ရဲ့ ယုံကြည်ခြင်းတူမိသားစုတွေ သူတို့ရဲ့ယုံကြည်ခြင်းပြေးပြိုင်ပွဲကို ဘယ်လိုပြီးဆုံးစေခဲ့ပါသလဲ။ သူတို့နဲ့တူအောင် ကျွန်ုပ်တို့တတွေလည်း “ကြံခိုင်- သည်းခံသောလူတစ်စု” အဖြစ်ဘယ်လိုပြိုင်ပွဲပြီးဆုံးအောင်လုပ်ဆောင်ကြမှာလဲ။ (ဟေဗြဲ ၁၂ း၁) က ခရစ်ယာန် ခံနိုင်ရည်ချင်းဟာ “စွန့်လွှတ်ခြင်းပြေးပြိုင်ပွဲမှာ ခံနိုင်ရည်ရှိဖို့ဆိုရင်၊ ကြန့်ကြာစေတဲ့အရာများနဲ့ အပြစ်တွေကို နောက်မှာချန်ထားရပါ့မယ်။ ယေရှုသခင်ကိုကြည့်ရှုနေရ မယ်။“ ထိုကြောင့်၊ ဤမျှလောက်များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကိုဝိုင်းရံလျက်ရှိ ကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသောဝန်တို့ကိုဖွင်း၊ နှောက်ရှက်တတ်သော ဒုစရိုက်ကိုဖွင်းပယ်ရှား၍၊ ငါတို့မျက်မှောက်၌ထားသောပန်းတုံးတိုင်သို့ ရောက်ခြင်းငှါ၊ အားမလျှော့ဘဲပြေးကြကုန်အံ့။ ” ဟေဗြဲ ၁၂း၁

ပြေးပွဲမှာအပြေးသမားတွေဟာ ခန္ဓာကိုယ်ကို လေးလံစေတဲ့အဝတ်တွေကိုတောင် ခွာချွတ်လိုက်ရပါတယ်။ ပြိုင်ပွဲရှုံးစေမဲ့ ဝန်မှန်သမျှ တွေကိုစွန့်ပစ်ကြရပါတယ်။ ဒီလိုပါဘဲ၊ ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းပြေးပွဲမှာပြီးမြောက်စေချင်ရင် ဝိညာဉ်ရေးကိုဆွဲချစေနိုင်တဲ့လောကီရေးရာဝန်ထုတ်ဝန်ပိုတွေကိုဖယ်ရှားပစ်ရပါ့မယ်။ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းတူ-ရှေးခေတ်ကမိသားစုဝင်တစ်ယောက်ချင်းစီဟာ လေးလံပြီးလူကို ဆီးတား-နှောင့်ယှက်တဲ့အရာများနဲ့တွယ်ငြိနေတဲ့အပြစ်တွေကို ကျော်ခိုင်းခဲ့ကြပါတယ်။ နောဧဟာ ဒီကမ္ဘာမြေအဝှမ်းရေလွှမ်းမိုးမယ်လို့ ထာဝရဘုရားကသူ့ကိုပြောတာကိုယုံကြည်ဖို့ ခိုင်းတဲ့အခါမှာ သူဟာမိုးရေကိုတခါမျှမမြင်ခဲ့ဖူးပါဘူး။ အာဗြဟံဟာ ထိုအချိန်ကခေတ်မီဆန်ပြားတဲ့မြို့တစ်မြို့အဝင်ဥရမြို့ကနေထွက်ခွာသွားပါလို့ခိုင်းစေခြင်းခဲ့ရတဲ့အခါမှာ သူဘယ်ကိုသွားရမှာလဲဆိုတါကိုမသိခဲ့ပါဘူး။ “အာဗြဟံသည် အမွေခံရလတ့်သောပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင်ခေါ်တော်မူသောအခါ၊ သူသည် အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားလေ၏။ ”ဟေဗြဲ၁၁း၈။ ဖါရောဘုရင်လိုဘဲ မောရှေဟာ ဘုရင်ဘုရားအနေနဲ့သူ့တိုင်းပြည်သားတွေရဲ့ ရှိခိုးမှုကိုခံရနိုင်တယ်။ သူ့အချိန်မှာပြိုင်ဖက်မရှိ ဩဇာတန်ခိုး ကြီးပြီး၊ ချမ်းသာကြွယ်ဝမဲ့အဖြစ်ကို သူဟာရွေးနိုင်ပါလျက်နဲ့မရွေးဘဲ၊ “မောရှသည် အသက် အရွယ်ကြီးသောအခါ အပြစ်ရှိသောကာမဂုဏ်ကိုခဏခံစားခြင်းထက်၊ဘုရားသခင်၏ လူတို့နှင့်အတူ ညှဉ်းဆဲခြင်းကို သာ၍အလိုရှိသဖြင့်၎င်း၊ အဲဂုတ္တုပြည်၏စည်းစိမ်ထက်ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သော စည်းစိမ်ဖြစ်သည်ကို စိတ်ထင်သဖြင့်၎င်း၊ယုံကြည်ခြင်းစိတ်ရှိ၍ ဖာရောဘုရင်သမီး၏ သားဟူ၍ခေါ်ဝေါ်ခြင်းအခွင့် ကိုပယ်၏။ အကြောင်းမူကား၊နောက်ရလတ့်သောအကျိုးကို ထောက်စာမြော်လင့်လျက်နေ၏။”ဟေဗြဲ ၁၁း၂၅၊၂၆။

မောရှေဟာ ဒီကမ္ဘာလောကကြီးကပေးနိုင်တဲ့အကောင်းဆုံးကို သူစွန့်နိုင်ခဲ့တယ်ဆိုတာက သူ့ရှေ့မှာပိုပြီးကောင်းမွန်တဲ့အကျိုးကိုကြည့်မြင်လို့ဘဲဖြစ်ပါတယ်။ အလားတူသောရလဒ်ဟာ ကျွန်ုပ်တို့ရှေ့မှာစောင့်ကြိုနေပါတယ်။ ယေရှုသခင်ကိုသာကြည့်ရှုပြီးအသက်ရှင်ကြပါစို့။ “ယုံကြည်ခြင်းကိုအစအဦးစီရင်၍စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ထိုသခင်သည် မိမိရှေ့၌ထားသောဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်အသောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လက်ျာဘက်၌ ထိုင်နေတော်မူ၏။”ဟေဗြဲ ၁၂း၂

ယခုအချိန်မှာတော့ ကျွန်ုပ်တို့အားလုံးဟာခံနိုင်ရည်စွမ်းရှိသူလူတစ်စုဖြစ်လာပြီပေါ့။ အပြေးသမားဟာပန်းတုံးတိုင်ကိုမကြည့်ဘဲနဲ့ ပြေးရင်အန္တရာယ်ကြီတယ်ဆိုတာကို သူသိမြင်ပါတယ်။ (၂၀၀၈) ခုနှစ်အိုလံပစ်အားကစားပွဲကြီးမှာ ဂျမေကာ တာတိုအပြေးသမား ယူရှုန်ဘော့လ်တ် ဟာ မိမိရဲ့မီတာ (၁၀၀) ပြေးပွဲမှာရှုံးလုနီးနီးဖြစ်ခဲ့ရပါတယ်။ ဘာကြောင့်လဲ??? သူဟာ ပန်းတုံးတိုင်မဝင်မီ သူ့ဘေးမှာရှိတဲ့အခမ်း အနားကိုကြည့်မိလို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့တတွေလည်း ယေရှုသခင်ကိုသာစေ့စေ့ကြည့်ရှုရင်း ယုံကြည်ခြင်းပြေးပွဲကိုအဆုံးတိုင် ပြေးကြရပါမယ်။ သို့ပြုလျှင် လောကအရာတွေဟာ မှေးမှိန်သွားပါလိမ့်မယ်။

ဦးနှောက် သုတေသနရဲ့ရှာဖွေတွေ့ရှိချက်အရ အဟန့်အတားတွေကိုကြောခိုင်းချိန်ထားခဲ့ပြီး ယေရှုသခင်ကိုစေ့စေ့ကြည့်ရှုခြင်းအားဖြင့် လူတစ်ယောက်ရဲ့ဦးနှောက်ဟာပြန်လည်ပုံသွင်းဖွံ့ဖြိုးနိုင်တယ်လို့သိရပါတယ်။ (၁၉၉၈) ခုနှစ်မှာ သိပ္ပံပညာရှင်တွေက အရွယ်ရောက်ပြီးသူတွေရဲ့ ဦးနှောက်ထဲမှာ နယူရွန်သစ်တွေတိုးပွားလါနိုင်တယ်လို့ ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ အပြင်ပန်းအရ ၊ ဦးနှောက်ဟာ ကျွန်ုပ်တို့အသုံးပြုနေတဲ့ ဆဲလ်တွေကိုဖြစ်ထွန်းမည့် ဩဇာတိုးစေပြီး မသုံးတဲ့ဆဲလ်တွေကို သတ်ပစ်ကြပါတယ်။ Dr. John J. Ratey ရဲ့အဆိုအရ၊ “အခုအချိန်မှာသိရတာက ဦးနှောက်ဟာ စွပ်တျယ်လိုဘဲ၊ လျှော့-တင်းလုပ်လို့ရပါတယ်။ ကြွက်သားဆိုင်ကြီးတွေလိုဘဲ ဝိတ်အလေးမပြီး ခန္ဓာကိုယ်ရဲ့ကြွက်သားတွေကိုပုံစံဖေါ်လို့ရသလို၊ ဦးနှောက်ဟာလိုက်လျောညီညွတ်အောင်ပြုပြင်ပေးတတ်တဲ့- အင်္ဂါတစ်ခုပါဘဲ။ ဦးနှောက်ကိုအသုံးပြုလေ၊ ၎င်းဟာ- သန်မာပြီး-ကွေးနိုင်-ဆန့်နိုင်လေပဲဖြစ်ပါတယ်။ New Science of Exercise and the Brain pp.35,36 အဲဒီမှာ တော့ ကျွန်ုပ်တို့ရဲ့ အသက်တာမှာစဉ်းစားပြီးလုပ်ဆောင်လိုက်တဲ့ အရာတိုင်းဟာကျွန်ုပ်တို့ရဲ့ ဦးနှောက်ကို ပန်းပုလိုပုံဖေါ်ပေးနိုင်တာကြောင့် ခရစ်တော်ယေရှုနဲ့တူမှာလား။ အခြားသူနဲ့တူမှာလား- ဆိုတာက ကျွန်ုပ်တို့ရဲ့ရွေးချယ်မှုအပေါ်မူတည်ပါတယ်။ ခရစ်တော်ယေရှုကိုအထူးအာရုံစိုက်ဖို့လိုအပ်ပါတယ်။ ငြိတွယ်နေတဲ့အပြစ်များနဲ့ အဆီးအတားခလုပ်-ကသင်းတွေကိုလည်း ကျွန်ုပ်တို့ကျောခိုင်း-ချန်ထားပစ်ဖို့လိုအပ်ပါတယ်။

ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ရွေးချယ်မှုတွေက ဒီအခြေ အနေတွေကိုပြောင်းလဲပေးတယ်လို့တော့မထင်လိုက်ပါနဲ့။ " ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင် စေတော်မူသော သခင်ယေရှု " **ကပြောင်းလဲပေးတာပါ။** ဒီအခါမှာ ယေရှုသခင်ကိုကျွန်ုပ်တို့ရဲ့အားရကျေနပ်စရာကောင်းသော ထောက်ပံ့သူအဖြစ်ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းခရီးစဉ်မှာအစမှသည်အဆုံးတိုင်အောင် ဦးဆောင်ပေးဖို့အကူအညီတောင်းခံနိုင်ပါတယ်။

ဘာကြောင့်ယေရှုသခင်ဟာ ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းမှာ အစအဦးစီရင်၍စုံလင်စေသောသူဖြစ်ရပါသလဲ။ ကိုယ်တော်ရှင်ဟာ စုံလင်တဲ့အသက်တာမျိုးနဲ့ကျွန်ုပ်တို့အဖို့ ပုံနမူနာအဖြစ်- အသေခံခြင်းနဲ့ရှင်ပြန်ထမြောက်တော်မူခြင်းဟာ ကျွန်ုပ်တို့ရဲ့ ကယ်တင်ခြင်းကို အာမခံ ချက်ပေးသွားခဲ့ပြီးပါပြီ။ အခုအချိန်မှာယေရှုသခင်ဟာ "ထာဝရဘုရား၏လက်ကျာလက် ပလ္လင်တော်ပေါ်မှာ ထိုင်" နေပါတယ်။ ကျွန်ုပ်တို့ရဲ့ ပြေးပွဲပြီးဆုံးနိုင်စေဖို့ ကူညီနိုင်တဲ့စကြာဝဠာအတွင်းရှိ တန်ခိုးတော်အစုံဟာလည်း သူ့မှာရှိပါတယ်။

ဘာကြောင့် ယေရှုသခင်ဟာ ဒါတွေအားလုံးကိုလုပ်ဆောင်ခဲ့ရတာလဲ။ ဟေဗြဲ ၁၂း၂ ကဒီလိုပြောထားပါတယ်။ "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင် စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်အသောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော် လက်ျာဘက်၌ ထိုင်နေတော်မူ၏။" အဒီဝမ်း မြောက်ခြင်းဟာ သင်တို့နဲ့ကျွန်ုပ်တို့ကောင်းကင်နိုင်ငံတော်မှာမြင်တွေ့ရခြင်းပါဘဲ။ ဂေသရှေမန်ဥယျာဉ် တော်ထဲမှာ ပြင်းပျစွာဝေဒနာခံခဲ့ရခြင်း၊ လက်ဝါးကပ်တိုင်တော်ပေါ်မှာ ပြင်းထန်သောဝေဒနာခံခဲ့ခြင်း၊ အဖခမည်းတော်နဲ့ပြတ်တောက်မှုကို ခံစားရခြင်းစသည့် ဝေဒနာတွေဟာ ခါးသီးပြင်းထန်လှပေမဲ့၊ ခံနိုင်ရည်အပြည့်နဲ့ရင်ဆိုင်သွားခဲ့ခြင်းဟာ သင်တို့နဲ့ကျွန်ုပ်ကိုအိမ်တော်မှာ ပြန်ကြိုဆိုမယ်ဆိုတဲ့ရှေ့အမြင်မျိုးရှိလို့ပါဘဲ။

ဟေဗြဲ ၁၂း၃ က ဒီလိုနဂုံးချုပ်ထားပါတယ်။ "အပြစ်ရှိသောသူတို့လက်တွင်၊ ထိုမျှလောက်ကြီးသော ဆီးတားနှောက်ရှက်ခြင်း ကိုခံတော်မူသော သခင်ကိုထောက်ရှု ဆင်ခြင်သောအားဖြင့်၊ အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်အံ့သောငှါ ကြိုးစားကြလော့။" သတေဖန်ဟာခဲနဲ့အပစ်ခံရပေမဲ့ ရန်သူတွေအတွက်ဆုတောင်းမေတ္တာပို့သပေးနိုင်ခဲ့တယ်ဆိုတာက ယေရှုသခင်ပေးတဲ့ ရူပါရုံကိုမြင်ခဲ့ ရလို့ပါဘဲ။" သူသည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့်၊ ကောင်းကင်သို့စေ့စေ့ကြည့်မျှော်၍ဘုရားသခင်၏ ဘုန်းတော်ကိုရင်း၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ယေရှုရပ်နေသည်ကိုရင်း မြင်လျှင်၊ကြည့်ပါ။ ကောင်းကင်ဖွင့်လှစ်သည်ကိုရင်း၊ လူသားသည် ဘုရားသခင်၏လက်ျာတော်ဘက်၌ရပ်နေသည်ကိုရင်း ငါမြင် သည်ဟုဆို၏။" (တမန်တော် ၇း၅၅၊ ၅၆) ဒီလိုပါဘဲ ကျွန်ုပ်တို့ရဲ့ ရှေ့မှာသတ် မှတ်ထားတဲ့ယုံကြည်ခြင်းပြေးပွဲကို ကြံ့ခိုင်သည်းခံစွာနဲ့ အဆုံးတိုင်ပြေးနိုင်ဖို့ ယေရှုသခင်ရဲ့ပေးတဲ့ ရူပါရုံကိုမျက်ခြေမပြတ် အာရုံစိုက် သွားကြပါစို့။ အဲဒီလိုဆိုရင် သေခြင်းသော်လည်း ကျွန်ုပ်တို့ရဲ့ပြေးပွဲကို မတားဆီးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ယေရှုသခင်ကိုယ်တော်က "သင်သည်ခံရမည့်အရာ တစုံတခုကိုမျှ မကြောက်နှင့်။ သင်တို့သည် စုံးစမ်းခြင်းကိုခံရမည်အကြောင်း၊ မာရ်နတ်သည် သင်တို့တွင် အချို့ကိုထောင်ထဲ၌ လှောင်ထား၍၊ သင်တို့သည်ဆယ်ရက်ပတ်လုံးဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သေသည်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင်၊ အသက်သရဖူကို ငါပေးမည်။ " (ဗျာဒိတ် ၂း၁၀)လို့ ကတိတော်များပေးခဲ့လိုပါဘဲ။ မိတ်ဆွေ။

## <u>တုန့်ပြန်အဖြေပေးရန်နှင့်သူတပါးကိုမျှဝေရန် မေးခွန်းများ</u>

၁။ ခရစ်ယာန်အသက်တာဟာ ပြေးပွဲနဲ့တူတယ်လို့ဆိုရင် ဘယ်လိုနေရာတွေမှာတူတာလဲ။

၂။ ခရစ်ယာန်အသက်တာမှာ ကြံ့ခိုင်-သည်းခံမှုမြင့်တက်လာဖို့ ဥပုသ်နေ့က ဘယ်လိုကျွန်ုပ်တို့ကို ကူညီနိုင်ပါသလဲ။

၃။ ကောင်းသောအရာများပင်လျှင် ကျွန်ုပ်တို့ကို အလေးချိန်စီးစေလို့ အောက်ကိုဆွဲချနိုင်ပါသလား။ ဘာတွေဖြစ်မယ်ထင်သလဲ။

**ဒုတိယညပုယ်နေ့**

# ချစ်မြတ်နိုးသူအဖြစ်လက်ခံခြင်း

ရေးသားသူ- အယ်လင်ဂျီဝှိုက်

## (ဖေက် ၁း ၁–၆ ကိုဆင်ခြင်အောက်မေ့ခြင်း။)

" ဘုရားသခင်၏ အလိုတော်အားဖြင့်၊ ယေရှုခရစ်၏ တမန်တော်ဖြစ်သော ငါပေါလုသည် ဖေက်မြို့၌နေသော သန့်ရှင်းသူတည်းဟူသော ယေရှုခရစ်ကို ယုံကြည်သောသူတို့ကို ကြားလိုက်ပါ၏။သခင်ယေရှုခရစ်နှင့် ငါတို့အဘ တည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ " ဖေက် ၁း၁,၂။ "သင်၌ကျေးဇူးတော်ရှိစေသတည်း" ဟုဆိုသောကြောင့် ထာဝရဘုရား၏အခမဲ့ကျေးဇူးတော်သည် ကျွန်ုပ်တို့လို အပ်သော အရာအားလုံးအတွက်လုံလောက်ပါ၏။ ကျေးဇူးတော်၌ပဋိညာဉ်ဖွဲ့ထားပြီဖြစ်သောကြောင့်လည်း ကျွန်ုပ်တို့သည်အမွေခံများဖြစ်ခွင့်ရပါ၏။ ကယ်တင်ရှင်ယေရှုခရစ်တော်၌ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်း၊ ပြန်လည်အားသစ်လောင်းခြင်း၊ ခရစ်တော်နှင့်အတူအမွေစားအမွေခံဖြစ်ရခြင်း အတွက် အာမခံချက်ရှိပါ၏။ ဒီလိုဖြစ်ရတာဟာ ကျွန်ုပ်တို့က ထိုသခင်ကိုအရင်ချစ်လို့မဟုတ်ဘူး။ အဲဒီ ထာဝရဘုရားက ကျွန်ုပ်တို့ကို ချစ်လို့ဖြစ်တယ်။ ကျွန်ုပ်တို့အပြစ်ရှိနေစဉ်မှာပင် ခရစ်တော်သခင်ဟာ ကျွန်ုပ်တို့အတွက် အသေခံခဲ့တာကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရဖို့ပြည့်ဝစုံလင်သော စီမံထားပေးမှုရရှိပါတယ်။ "ငါတို့သည် အပြစ်ရှိစဉ်ပင်၊ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရား သခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။" **(ရောမ ၅း၈)** ။ကျွန်ုပ်တို့ဟာ ဘုရားသခင်ရဲ့စကားကိုနားမထောင်တဲ့အတွက် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့သလို အပြစ်တရားရဲ့စီရင်မှုအောက်ကိုရောက်သွားရတာပါ။ သို့ဖြစ်သည်တိုင်အောင် ထာဝရဘုရားသည် ကျွန်ုပ်တို့ကို မစွန့်သွားခဲ့ပါဘူး။ ရန်သူစာတန်ကြီးရဲ့လက်ထဲကို လုံးဝ ပစ်မထားခဲ့ပါဘူး။ ကောင်းကင်ဘုံက တမန်တော်တွေဟာ ကျွန်တော်တို့အတွက် တိုက်ပွဲ ဝင်နွဲ ပေးရှာပါတယ်။ ဒါကြောင့်ကျွန်ုပ်တို့သည် ကောင်းကင်တမန်များတို့နှင့် ပူးတွဲကာသခင့်အစေခံပါသော်၊ ဒုစရိုက်အပြစ်၏ တန်ခိုးများကိုအောင်နိုင်မှာဖြစ်ပါတယ်။

### မထိုက်တန်သူအတွက်ကရုဏာ

အကယ်၍သာ ကျွန်ုပ်တို့သည် အပြစ်သားဘဝသို့မကျရောက်ဘူးဆိုရင် ကျေးဇူးတော်ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်ကိုဘယ်တော့မှ သိနားလည်မှာမဟုတ်ပါဘူး။ ထာဝရဘုရားသခင်ဟာ အပြစ်မရှိတဲ့ကောင်းကင်တမန်တွေကိုချစ်ပါတယ်။ သူတို့တတွေဟာ ဘုရားသခင်ရဲ့ အစေကိုခံနေကြတယ်။ ကိုယ်တော်ရှင်ရဲ့အမိန့်တော်များကို နာခံကြပါတယ်။ ဒါပေမဲ့ကိုယ်တော်ရှင်ဟာ သူတို့တတွေကိုကျေးဇူးတော်မပေးပါဘူး။ ဒါကြောင့်၊ အဲဒီကောင်းကင်တမန်တွေဟာ **ကျေးဇူးတော်** ဆိုတဲ့စကားကို နားမလည်ဘူး။ ကျေးဇူးတော်ကိုလည်းသူတို့မလိုအပ်ပါဘူး။ ဘာကြောင့်လဲ သူတို့တတွေဟာ တစ်ခါမျှအပြစ်မလုပ်ဖူးကြလို့ဖြစ်ပါတယ်။ ကျေးဇူးတော်မထိုက်တန်တဲ့လူသားတွေကိုပြသပေးတဲ့ ထာဝရဘုရားရဲ့ဂုဏ်တော်တစ်ပါးဖြစ်ပါတယ်။ အဲဒီကျေးဇူးတော်ကိုကျွန်တော်တို့ ကိုယ့်အတွက်မရှာဖွေခဲ့ပါဘူး။ အဲဒီကျေးဇူးတော်က အကျွန်ုပ်တို့ကိုရှာဖွေခဲ့ပါတယ်။

အဲဒီကျေးဇူးတော်ကိုလိုလားတောင့်တသူအပေါင်းတို့အပေါ် ဘုရားသခင်သည်ကျေးဇူးတော်သွန်းလောင်းပေးရတာကိုဘဲ ဘုရားသခင်က ဝမ်းမြောက်နေပါပြီ။ ထိုက်တန်လို့မဟုတ်ပါဘူး။ လုံးဝ(လုံးဝ) မထိုက်တန်လို့ဖြစ်ပါတယ်။ ကျွန်ုပ်တို့လိုအပ်နေတာက ဒီကျေးဇူးတော်ရရှိမှုအာမခံချက်ကို ဆက်လက်ထိန်းသိမ်းသွားစေနိုင်တဲ့ အရည်အသွေးဘဲဖြစ်ပါတယ်။ လူသားတိုင်း ရင်ဆိုင်ကြုံတွေ့ရတဲ့အတွေ့အကြုံအရ ဒီကျမ်းချက်စကားလုံးတွေဟာ သမ္မာတရားဖြစ်တယ်ဆိုတာ သက်သေပါဘဲ။ "မတရားသောသူတို့မူကား၊ မငြိမ်နိုင်ဘဲ လှုပ်ရှား၍၊ ရွံ့နှင့်အမှိုက်ကိုပက်သော ပင်လယ်ရေနှင့် တူကြ၏။ မတရားသောသူတို့၌ ငြိမ်သက်ခြင်းမရှိ ဟု ငါ၏ဘုရားသခင်မိန့်တော်မူ၏။ " (ဟေရှာယ ၅၇း၂၀၊၂၁) အပြစ်ဟာ ကျွန်ုပ်တို့ရဲ့ ငြိမ်းအေးမှုကိုဖျက်ဆီးလိုက်ပါတယ်။ မိမိရဲ့အတ္တ၊ တကိုယ်ကောင်းစိတ်ကို ဘုရားသခင်ကို မပေးအပ်နှင်းနိုင်သမျှ ကျွန်ုပ်တို့ ဟာ ငြိမ်သက်ခြင်း၊ ချမ်းသာကိုရှာမတွေ့နိုင်ပါဘူး။ လူ့နှသားရဲ့ဇာတိသဘောတပ်မက်မှုတွေကို အဘယ်လူ့တန်ခိုးအာဏာကမျှ၊ မထိန်းချုပ် နိုင်ပါဘူး။ ပင်လယ်အိုင်ထဲမှာ မုန်တိုင်းဒဏ်ကိုပြင်းထန်စွာခံခဲ့ရရှာတဲ့ ယေရှုသခင် ရဲ့တပည့်တော်တွေလိုဘဲ၊ အကူအညီမဲ့ဖြစ်နေရတာပါ။ ဒီတော့- ကျွန်တော်တို့တတွေ ဘယ်မှာသွားပြီး ငြိမ်းအေးမှုကိုရှာကြမှာလဲ။. . .

### ကျေးဇူးတော်သည်ကယ်တင်လိုက်ပြီ

ဂါလိလဲပင်လယ်အိုင်ရဲ့ ပြင်းထန်လှတဲ့လှိုင်းတံပိုးတွေကို ငြိမ်သက်ခြင်းရှိလော့၊ လို့အမိန့်ပေးခဲ့သူဟာ လူသားတိုင်းကိုငြိမ်သက်ခြင်းရှိပါစေသော်လို့ မြွက်ဆိုနေပါတယ်။ မုန်းတိုင်းကဘယ်လောက်ပင်ကြမ်းကြုတ်ပြင်းထန်နေပါစေ၊ အကူအညီလိုလို့ ယေရှုသခင်ဆီလှည့်ပြီး "သခင်၊ ကျွန်ုပ်တို့ကိုကယ်ပါဦး" လို့ငိုသံကြီးနဲ့ပြောနေမယ်ဆိုရင်၊ သခင်ကကယ်တင်လို့ သင်လည်းစိတ်ပေါ့သွားပါလိမ့်မယ်။ လူသားတွေကို ထာဝရဘုရားနဲ့ပြန်လည်သင့်မြတ်စေတဲ့ ယေရှုသခင်ရဲ့ကျေးဇူးတော်ဟာ လူသားတွေအတွင်းမှာ တောက်လောင်နေတဲ့ ဇာတိသဘောတပ်

မက်မှုတွေကိုလည်း ငြိမ်သက်စေလို့ ကိုယ်တော်ရှင်ရဲ့မေတ္တာမှာ စိတ်နှလုံးတိုင်းဟာ ငြိမ်းအေးမှုကိုရရှိမှာဖြစ်တယ်။ " လေပြင်းကိုပျောက်စေတော်မူ၍ လှိုင်းတံပိုးများလည်းငြိမ်ဝပ်ကြ၏။ထိုသို့ ငြိမ်ဝပ်သောကြောင့် သူတို့သည် ဝမ်းမြောက်ကြ၏။ -- ထိုကြောင့်၊ ငါတို့သည်ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့သခင်ယေရှုခရစ်အား ဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။ ဖြောင့်မတ်ခြင်း တရားသည်လည်း ငြိမ်သက်ခြင်းကို ပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်းအကျိုးမူကား၊ ထာဝရငြိမ်သက်ခြင်းနှင့် လုံခြုံခြင်း တည်း။ဆာလံ ၁၀၇း၂၉၊ ရောမ ၅း၁၊ ဟေရှာယ ၃၂း၁၇"မည်သူမဆိုအပြစ်ကိုကျောခိုင်းဖို့သဘောတူလိုက်ပြီး မိမိရဲ့နှလုံးသားကိုခရစ်တော်သခင်ရဲ့ မေတ္တာတောင်ဝင်ရောက်နေရာယူ ဖို့ဖွင့်ပေးလိုက်ရင် အဲဒီသူဟာ ကောင်းကင်ဘုံရဲ့ငြိမ်းအေးမှု အနှစ်သာရကိုခံစားရရှိပါလိမ့်မယ်။ အဲဒီငြိမ်းအေးမှုထက်သာလွန်ကောင်းမွန်တဲ့ အခြားငြိမ်းအေးမှုဆိုတာ မရှိတော့ပါဘူး။ ခရစ်တော်သခင်ရဲ့ ကျေးဇူးတော်ကို စိတ်နှလုံးအတွင်းနေရာယူစေရင်တော့ရန်ငြိုးဖွဲ့လိုစိတ်လည်းမရှိတော့ဘူး။ ခိုက်ရန်ဖြစ်ပွားလိုစိတ်လည်း ပပျောက်သွားပြီး လူဟာမေတ္တာတရားနဲ့သာမွေ့လျော်နေပါလိမ့်မယ်။ ထာဝရဘုရားနဲ့ ငြိမ်းအေးနေသူဟာ မိမိရဲ့ပတ်ဝန်းကျင်လူသားအချင်းချင်းတွေကိုလည်း အမှားအယွင်းမလုပ်နိုင်ပါဘူး။ မနာလိုဝန်တိုစိတ်လည်းမရှိ၊ ဒုစရိုက် လွှမ်းမိုးနေရာယူချင်စိတ်လည်း ခန်းခြောက်ပြီး အမုန်းတရားလည်းမဝင်ရောက်လာနိုင်တော့ပါဘူး။ ထာဝရဘုရားနဲ့စိတ်နှလုံးစွဲညှိနေပြီဖြစ်တာမို့ ကောင်းကင်ဘုံရဲ့ချမ်းသာ ကိုမျှဝေခံစားရမှာဖြစ်တယ်။ ပတ်ဝန်းကျင်ရှိလူသားတွေအပေါ်မှာလည်း မင်္ဂလာမိုးရွာသွန်းပေးမှာဖြစ်တယ်။ငြိမ်သက်ခြင်းသဘောဟာ လူ့နှလုံးသားထဲဝွေ့နှင်းမှုံလိုဆင်းသက်လာပြီး၊ လောကီရေးရာတွေနဲ့စိုးရိမ်ပူပန်မှုများ၊ ဒုက္ခဝေဒနာများနဲ့ကင်းဝေးရပါလိမ့်မယ်။

## ကျေးဇူးတော်သည်ငြိမ်သက်ခြင်းကိုယူဆောင်လာ

ခရစ်ယာန်များတို့သည် ဤကမ္ဘာကြီးအား ငြိမ်သက်ခြင်းသတင်းစကားကိုဟောကြားရန် စေလွှတ်ခြင်းခံရသူများဖြစ်ပါသည်။ မည်သူ မဆိုတိတ်ဆိတ်ပြီး သန့်ရှင်းသောအသက်တာပုံစံနှင့် နေထိုင်ခြင်းအားဖြင့် ခရစ်တော်သခင်ရဲ့မေတ္တာကိုဖေါ်ပြထင်ရှားစေသူ၊ ကိုယ်၊ နှုတ်၊ နှလုံး-သုံးပါးနှင့် တပါးသူအားအပြစ်မှကျောခိုင်းစွန့်ခွာစေပြီး ထာဝရဘုရားနှင့်အကျွမ်းဝင် မိဿဟာရဖွဲ့စေသူသည်ငြိမ်းချမ်းရေးသမားတစ်ယောက်ပင်ဖြစ်ပါသည်။ထိုလူမျိုးကိုယေရှုကပြောသည်မှာ "သူတပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ် သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည်ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။" မဿဲ ၅း၉။ ငြိမ်သက်ခြင်းသဘောရှိသောသူသည် မိမိနှင့် ကောင်းကင်ဘုံဆက်သွယ်နေကြောင်း သာဓကအဖြစ်ထင်ရှားနေပါသည်။ ခရစ်တော်သခင်၏မွှေးရနံ့နှင့်သူတို့သည် သင်းပျံ့နေပါသည်။ အသက်တာ၏မွှေးရနံ့၊ ချိုသောအရသာ၊ ချစ်စရာကောင်းသောအကျင့်စာရိတ္တတို့ကို လောကီသားတို့တွေ့မြင်သောအခါမှာ ဤသူတို့ကား ဘုရားသခင်၏သားသမီးများပင်ဖြစ်ကြ၏ဟု ဝန်ခံကြပါလိမ့်မည်။ သူတို့တတွေဟာ ယေရှုသခင်နဲ့အတူရှိနေကြသူတွေပါဘဲဟု အသိအမှတ်ပြု ကြပါလိမ့်မည်။ ကျမ်းဆိုချက်များကိုမှတ်သားကြပါ။ ၁ ယော ၄း၇။ "ချစ်သူတို့၊ ငါတို့သည်အချင်းချင်း ချစ်ကြကုန်အံ့၊ အကြောင်းမူကား၊ ချစ်ချင်းမေတ္တာသည်ဘုရားသခင်နှင့် စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ဘွားတော်မူသောသူဖြစ်၏။ဘုရားသခင်ကို သိသောသူလည်းဖြစ်၏။" " ငါတို့သည် ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ဖြစ်မည်အကြောင်း၊ဤကမ္ဘာမတည်မရှိမှီငါတို့ကိုခရစ်တော်၌ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကိုခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။" (ဧဖက် ၁း၃)အဲဒီလိုသနားခြင်းကရုဏာနဲ့များပြားလှတဲ့ စီမံပေးချက်တွေကြောင့် အခြားမေးစရာများကုန်နေပါသေးသလား။ သခင်ယေရှုခရစ်တော်ရဲ့ ကုသိုလ်တော်များကြောင့် ကောင်းကင်ဘုံနဲ့ဆိုင်တဲ့ ဝိညာဉ်ရေးရာကောင်းကြီးမင်္ဂလာများစွာကို ကျွန်ုပ်တို့ခံစား ရရှိပါတယ်။အဲဒါကြောင့်ထာဝရဘုရား အထံတော်သို့ တိုးဝင်ချဉ်းကပ်ခြင်းဟာကျွန်ုပ်တို့အတွက် အခွင့်အရေးဖြစ်ကြောင်း၊ ကိုယ်တော်ရှင်သည်သက်ရှိထင်ရှားတည်ရှိနေကြောင်း ကျွန်ုပ်တို့ငြိမ်းအေးစွာ အသက်ရှူရှိုက်ပုံက သက်သေပြနေပါတယ်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သာမန်ကိစ္စရပ်များ၊ အပေါစားဆန်သောအသက်တာအပြုအမူများနှင့် လောကီသားတို့နှင့်သာဆိုင်သောဇာတိသဘော အာရုံခံသက်သက် တို့၌ စွဲကပ်မှီဝဲနေမည်ဆိုပါက၊ ထာဝရဘုရားအာမခံချက်များနှင့်ကတိတော်မင်္ဂလာများကို ဝိုးတဝါးသာမြင်တွေ့နိုင်ပါလိမ့်မည်။ ဝိညာဉ်ရေး စံချိန်ကိုလည်းမြှင့်တင်နိုင်လိမ့်မည်မဟုတ်တော့ပါ။ ခရစ်တော်သခင်မကိန်းအောင်း- မတည်ရှိဘဲနှင့်တော့၊ အဘယ်သူမျှငြိမ်အေးခြင်း၊ လွတ်လပ်ခြင်းရဲ့အစွမ်းသတ္တိနှင့်တန်ခိုးခွန်အားကို ရရှိနိုင်မည်မဟုတ်ပါ။

## သန့်ရှင်းအတွက်ကျေးဇူးတော်

"ဤကမ္ဘာ မတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကိုခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင် ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။" (ဧဖက် ၁း၄)။ ဒီနေရာမှာ မိမိကိုယ်ကို ကန်းအောင်မလုပ်တဲ့လူအနေနဲ့ နားမလည်နိုင်စရာ

အကြောင်းမရှိပါဘူး။ ကျွန်ုပ်တို့သည်ချစ်ခြင်းမေတ္တာကိုအခြေခံပြီး ဘုရားသခင့်ရှေ့တော်မှောက်မှာ သန့်ရှင်းပြီးအပြစ်တင်ခွင့်ကင်းလွတ်တဲ့အခြေအနေမျိုးမှာရှိဖို့ဖြစ်ပါတယ်။မိမိရရှိထားတဲ့သမ္မာတရားအလင်းအတိုင်းနေထိုင်သက်ရှင်သွားသူတစ်ယောက်အတွက်ကတော့ ကရုဏာကျေးဇူးကိုတိုးပွားခံစားရမှာဖြစ်တယ်။ အဲဒီကရုဏာကျေးဇူးကိုတွေ့ချင်ရင် ၊ အစဉ်မပြတ်ရှာဖွေပါ။ ရရှိလိုရင်တော့ တောင်းခံပါ။ တံခါးကိုဖွင့်စေချင်ရင်တံခါးခေါက်ပါ။"သို့သော်လည်း၊ သခင်ဘုရားချစ်တော်မူသောညီအစ်ကိုတို့၊ သင်တို့သည်စိတ်သန့်ရှင်းခြင်း၊သမ္မာတရားကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှါ၊ ဘုရားသခင်သည်ရှေ့ဦးစွာကပင် သင်တို့ကို ရွေးကောက်တော်မူသည်ဖြစ်၍၊ ငါတို့သည် သင်တို့ကြောင့် ဘုရားသခင်၏၊ ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်း ရကြမည်။" (၂ သက် ၂း၁၃) ။ ဒီကျမ်းချက်ထဲမှာ လူသားအတွက်ကယ်တင်ခြင်းစီမံချက်နှစ်ရပ်ကိုဖော်ပြထားပါတယ်။ ခရစ်တော်သခင်၏နောက်လိုက်များအတွက်ဆိုရင် ကောင်းကင်ဘုံကဩဇာသက်ရောက်လွှမ်းမိုးမှု၊တောင့်တင်းခိုင်မာပြီးအသက်ရှင်တဲ့ယုံကြည်ခြင်းမျိုးဖြစ်စေတယ်။ သန့်ရှင်းသောဝိညာဉ်တော်၏သန့်ရှင်းစင်ကြယ်စေသောတန်ခိုးအားဖြင့်သမ္မာတရားကိုယုံကြည်သက်ဝင်ကာထာဝရဘုရားနှင့်အတူတကွ အမှုတော်ဆောင်ရွက်သောအမှုတော်ဆောင်များဖြစ်လာပါတယ်။ ဘုရားသခင်ဟာ မိမိအသင်းတော်ရဲ့တုံ့ပြန်ပူးတွဲဆောင်ရွက်မှုကိုစောင့်မျှော်နေပါတယ်။ မိမိ၏နှုတ်တော်ထွက်စကားပိုပြီး ထိရောက်အောင်စွမ်းအားသစ်တွေထပ်ပေါင်းဖို့ ကိုယ်တော်ရှင်ဟာ ပုံစံမချထားပါဘူး။သူ့ရဲ့နှုတ်ကပတ်တော်နဲ့အတူ တန်ခိုးတွေကိုလည်းပေါင်းစပ်ကာပေးထားလိုက်ပါပြီ။ အဲဒါကြောင့်ခရစ်တော်ယေရှုရဲ့အသွေးတော်၊ သန့်ရှင်း သောဝိညာဉ်တော်နှင့်ထာဝရဘုရား၏သမ္မာကျမ်းစာနှုတ်ကပတ်တော်ဟာ ကျွန်ုပ်တို့အားလုံးအတွက်ဖြစ်ပါတယ်။ ကောင်းကင်ဘုံရဲ့ဒီလို စီမံပေးထားတဲ့ရည်ရွယ်ချက်ကို ကျွန်ုပ်တို့အားလုံးသိရှိထားပြီဖြစ်ပါတယ်။ ထာဝရဘုရားပေးအပ်ထားတဲ့ကတိတော်တွေကို ကျွန်ုပ်တို့တုံ့ပြန်ကာ၊ မှီခိုအားကိုးမယ်ဆိုရင်ကိုယ်တော်ရှင်နှင့်အတူတကွအမှုတော်ဆောင်သူတွေဖြစ်ကြပါတယ်။

မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ်စေခြင်းဟာလည်းအကျင့်တစ်ခုပါ။တရက်မဟုတ်တနှစ်မဟုတ်ဘဲ တသက်တာလုံးအသက်ရှင်နေသမျှကျင့်သုံးသက်ရှင်နေရမှာပါ။မိမိရဲ့အတ္တအလိုကိုအောင်မြင်နိုင်ဖို့ကောင်းကင်သားပီပီသန့်ရှင်းခြင်းရှိဖို့ ရုန်းကန်ရမှာက တစ်သက်တာလုံးပါ။ မစဲသောလုံ့လနှင့်မခြားမလတ်၊ နိုးကြားစွာသခင့်အားကိုးပြီအမှုတော်ဆောင်ရင်သန့်ရှင်းသူ-ကောင်းကင်သားဘဝအသက်တာမှာ တိုးတက်ကြီးပွားမှုရှိပြီးနောက်ဆုံးမှာ၊ အောင်မြင်သူရဲ့ဓမ္မသရဖူကိုရရှိပါလိမ့်မယ်။

ရှင်ပေါလုရဲ့သန့်ရှင်းစင်ကြယ်စေခြင်းအဖြစ်ဟာ မခြားမလပ်မိမိဇာတိစိတ်နှင့်တိုက်လှန်ပွဲကြီးခင်းနေရခြင်းရဲ့ရလဒ်ပါ။ အဲဒါကြောင့် "ငါသည်နေ့တိုင်းအသေခံရ၏။"(၁ကော ၁၅း၃၁)လို့ပြောခဲ့ပါတယ်။သူ့ရဲ့လိုအင်ဆန္ဒနဲ့အတ္တစိတ်ဟာ ထာဝရဘုရားရဲ့အလိုတော်နဲ့ သူ့ကိုအပ်နှင်းထားတဲ့ အလုပ်တာဝန်စပ်ကြား နေ့တိုင်းရုန်းကန်နေရတာဖြစ်တယ်။ သူသည် မိမိအလိုကို ဦးစားပေးမဲ့အစား ထာဝရဘုရား၏ အလိုကိုဆောင်ခဲ့တာကြောင့် သူ့ကိုယ်သူ လက်ဝါးကပ်တိုင်မှာရိုက်ထားလိုက်ပြီလို့ ဆိုခြင်းဖြစ်ပါတယ်။

## ထာဝရဘုရားသည်ကျွန်ုပ်တို့အား သန့်ရှင်းခြင်းသို့ပို့ဆောင်

ထာဝရဘုရားသည် မိမိလူတို့ကို တစ်ဆင့်ချင်းပို့ဆောင်တော်မူ၏။ ခရစ်ယာန်အသက်တာသည် အစဉ်ချီတက်နေရသောတိုက်ပွဲဖြစ်ပါသည်။ ဒီစစ်ပွဲမှာရပ်ဆိုင်းခြင်းမရှိဘူး။ ကြိုးစားလုပ်ဆောင်ရမှာက မပြတ်သောလုံ့လနှင့်ဇွဲကိုဖက်ရပ့်မယ်။ စာတန်ရဲ့စုံစမ်းနှောင့်ယှက်ခြင်းကို မလျှော့သောဇွဲလုံ့လ-ဝီရိယနဲ့ကြိုးစားထိန်းသိမ်းသွားပါမှ အောင်မြင်မှာဖြစ်ပါတယ်။ ခရစ်ယာန်ရဲ့သမာဓိ ဖြောင့်မတ်ခြင်းဆိုတာကလည်း ရပ်ဆိုင်းခြင်းမရှိတဲ့အင်အားနဲ့ဦးတည်ရည်ရွယ်ချက်ကို အပိုင်ထိန်းထားမယ်ဆိုတဲ့ အဓိဋ္ဌါန်ချဖို့လိုပါတယ်။

ကျွန်ုပ်တို့ဟာ **ခရစ်ယာန်သာသနာသိပ္ပံ** ကို ပိုင်ပိုင်နိုင်နိုင်-သိနားလည်ဖို့လိုအပ်ပါတယ်။ အဲဒီသိပ္ပံဟာ ကောင်းကင်နဲ့ မြေကြီးကွာခြား သလို၊ လူသားတွေသိနားလည်တဲ့ သိပ္ပံထက်ပိုပြီး အဆပေါင်းများစွာ လေးနက်တယ်၊ နက်ရှိုင်းကျယ်ပျံ့တယ်။ မြင့်မားလှပါတယ်။ ထာဝရဘုရားအတွက်ဝန်ဆောင်ကြမဲ့သူတွေဟာ မိမိစိတ်အာရုံကို စည်းကမ်းကိုင်ပေးရမယ်။ ပညာပေးရမယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်သခင်အတွက်အမှုတော်ဆောင်ပေးသူတွေဟာမိမိရဲ့ဇာတိသဘောအလိုကိုလိုက်ပါခြင်းဆန္ဒကို ဆန့်ကျင်မှဘုရားရဲ့သဘောတော်နဲ့ညီညွတ်မှာဖြစ်လို့ပါဘဲ။ ကျွန်ုပ်တို့လူသားတွေဟာ ဗီဇအားဖြင့်အပြစ်ဒုစရိုက်ကိုဘဲလုပ်ချင်နေတာပါ။ အဲဒါကိုအောင်နိုင်ရမယ်။ ထာဝရဘုရားမှာ- ခိုင်မြဲတည်တံ့ဖို့ မိမိစိတ်နှလုံးကိုပညာပေးရပါမယ်။ စာတန်ရဲ့သွေးဆောင်လှည့်ဖြားမှုကို တွန်းလှန်လိုစိတ်ဟာ အမြဲကျွန်ုပ်တို့မှာရှိရပါမယ်။ အကျင့်လုပ်ပေးရပါမယ်။ ကျွန်ုပ်တို့ဟာသန့်ရှင်းသောအသက်တာ၊ အမှန်တရားဘက်မှာ ခိုင်မာစွာရပ်တည်လိုတဲ့စိတ်သဘောရှိပါ မှ ကျွန်ုပ်တို့ရဲ့ခရီးလမ်းဆုံးဟာ ထာဝရဘုရားရဲ့ ချစ်သားသမီးများအဖြစ် တံဆိပ်ခတ်ခြင်းကိုခံရပါလိမ့်မယ်။

## ခရစ်တော်၌လက်ခံအတည်ပြုခြင်း

"ထိုဘုရားသခင်သည် ချစ်တော်မူသောသားတော်ကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကိုချီးမွမ်းစေခြင်းငှါ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိသော စေတနာအတိုင်းရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။" ဧဖက် ၁း၅၊၆။ ယောဒန်မြစ်နားမှာ ယေရှုကိုပြောခဲ့တဲ့စကားဟာ လူသားတွေမမေ့နိုင်စရာပါ။ ရင်မှာစွဲရလောက်

အောင်ပတ်ထိတဲ့စကားပါ။ ယေရှုသခင်ဟာ ကျွန်ုပ်တို့ရဲ့ကိုယ်စားလှယ်တော်ဖြစ်တယ်လို့ ထာဝရဘုရားမိန့်တော်မူခဲ့ပါတယ်။ ကျွန်ုပ်တို့မှာ အပြစ်များပြီးအားနည်းချက်တွေနဲ့ပြည့်နေပေမဲ့တန်ဖိုးမဲ့ရတနာအဖြစ်စွန့်ပစ်ခြင်းမခံရပါဘူး။ "ဘုရားသခင်သည် ငါတို့ကို ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိသော စေတနာအတိုင်းရှေးမဆွက ခွဲခန့် မှတ်သားတော်မူ၏။" ခရစ်တော်ယေရှု အပေါ်ဘုန်းတန်ခိုးအလင်းသက်ရောက်ခြင်းဟာထာဝရဘုရားက ကျွန်ုပ်တို့ကိုဘယ်လောက်ချစ်မြတ်နိုးသလဲဆိုတဲ့ သရုပ်ပြကတိတော်တစ်ရပ် ပါဘဲ။ အဲဒါဟာ ဆုတောင်းခြင်းရဲ့တန်ခိုး၊ လူက- ပြုလိုက်တဲ့အသံဟာ ထာဝရဘုရားရဲ့နားတော်ထဲ ရောက်သွားနိုင်တယ်။ ကျွန်ုပ်တို့ရဲ့အသနားခံလွှာတွေကို ကောင်းကင်ဘုံတရားခွင်မှာ လက်ခံနေတယ်ဆိုတဲ့သဘောပါဘဲ။ အပြစ်ကြောင့် ဒီကမ္ဘာကြီးဟာ ကောင်းကင်ဘုံနဲ့ပြတ်တောက်သွားပြီး၊ လူနဲ့ဘုရားကိုစိမ်းကားစေခဲ့ပေမဲ့၊ ယေရှုသခင်အားဖြင့် ထိုစိမ်းကားပြတ်တောက်မှုကိုပြန်ဆက်သွယ်လိုက်ပါပြီ။ ကိုယ်တော် ရှင်ရဲ့ချစ်ခြင်းမေတ္တာရောင်ခြည်တော်ဟာ လူသားကို ပတ်ဝိုင်းလို့နေပါတယ်။ အမြင့်ဆုံးကောင်းကင်ဘုံသို့လည်းရောက်လှမ်းတာပါဘဲ။ ကယ်တင်ရှင်ယေရှုသခင်ရဲ့ ဦးခေါင်းတော်ပေါ်မှာကျရောက်တဲ့အလင်းတန်းဟာ ကျွန်ုပ်တို့အပေါ်မှာလည်းသက်ရောက်စေလိုက သက်ရောက်ပါလိမ့်မယ်။ ဒါကြောင့်စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်နိုင်ဖို့ ထာဝရဘုရားထံကျွန်ုပ်တို့ အကူအညီ တောင်းကြရပါမယ်။ယေရှုကိုပြောခဲ့တဲ့အသံတော်ဟာယုံကြည်သူသားသမီးအားလုံးကိုလည်း ပြောနေတယ်ဆိုတာကို ယုံကြည်လိုက်ပါ။

## <u>သူနဲ့အတူနေရင် သူနဲ့တူသွားမှာဘဲ</u>

"ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း၊ ကိုယ်တော်သည်ထင်ရှား ပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည်ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတံ့။" (၁ ယော ၃း၂)။ ကျွန်ုပ်တို့၏ကယ်တင်ရွေးနှုတ်ရှင်ယေရှုခရစ်တော်သည် အပြစ်အများဆုံးသူ၊ အလွန်အမင်းချို့တဲ့နေသူ၊ စော်ကားရှုတ်ချ၍ နှိပ်စက်ညှင်းဆဲခြင်းခံရသောသူတို့အတွက် အဖခမည်းတော်ဘုရားသခင်ထံ ချဉ်းကပ်ဝင်ရောက်နိုင်ရန် လမ်းဖွင့်ပေးနေ ပါပြီ။ ယေရှုသခင်ပြင်ဆင်ပေးနေသော အိမ်တော်အခန်းများမှာ ကျွန်ုပ်တို့အားလုံးအတွက်နေရာရှိပါ၏။ ထိုနေရာမှာသခင်နှင့်အတူနေလိုသောစိတ်သည် ကျွန်ုပ်တို့မှာ အစဉ်အမြဲရှိနေရပါမည်။ ထိုအခန်းကိုပြင်ဆင်ပေးနေသောအရှင်ကို အမြဲထာဝရစဉ်စွဲလန်းနေရပေမည်။ "သန့်ရှင်းသောသူ၊ဟုတ်မှန်သောသူ၊ ဒါဝိဒ်မင်း၏ တံခါးသော့ကိုကိုင်သောသူ၊ အဘယ်သူမျှ မပိတ်နိုင်အောင်ဖွင့်၍၊ အဘယ်သူမျှ မဖွင့်နိုင်အောင် ပိတ်သောသူ၏ အမိန့်တော်ကား၊ သင်၏ အကျင့်ကိုငါသိ၏။ အဘယ်သူမျှ မပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ ငါဖွင့်ထားပြီ။ အကြောင်းမူကား၊ သင်သည် အနည်းငယ်သောခွန်အားရှိသည်နှင့်၊ ငါ၏ နှုတ်ကပတ်ကိုစောင့်ရှောက် ခဲ့ပြီ။" **(ဗျာဒိတ် ၃း၇-၈)** The Advent Review and Sabbath Herald, Oct.15,1908.

### တုံ့ပြန်အဖြေပေးရန်နှင့်သူတပါးကို မျှဝေရန်မေးခွန်းများ

၁။ ဤဖတ်စရာဒေသနာတော်ထဲမှာ သင့်အားစိတ်နှလုံးစွဲကျန်ရစ်စေဆုံး အတွေးအမြင်များကား အဘယ်အရာများဖြစ်ပါသလဲ။ ဘာကြောင့်လဲ။

၂။ မမဝိုက်က "ခရစ်ယာန်သာသနာသိပ္ပံ" ကို ရည်ညွှန်းပြီး ဤစာစောင်မှာပြောထားပါသည်။ သူမ ဘာကိုဆိုလိုချင်ပါသလဲ။

\#\# \#\# \#\# \#\#

RSC Pr. Victor Shwes'